စိတ်ကူးချိုချိုအနုပညာ

# ကိုင်းရေးပြည်ရေး
# ပေါက်နှင့်ကျေး

ဝိ-မိုးနှင်း



ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com




mgyoe.com

" တိုင်းရေးပြည်ရေး
ပေါက်နှင့်ကျေး၊
ကြက်ဥအရောင်
တိမ်တောင်သဖွယ်
မင်းရေးကျယ် "

mgyoe.com

pmn 0041 / 2000

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ အောက်တိုဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၀၀၀ ကျပ်

၁၃၁ · ၃

တိုင်းရေးပြည်ရေးပေါက်နှင့်ကျေး
ဝိ-မိုးနှင်း- ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၃၊
စာမျက်နှာ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ
(၁) တိုင်းရေးပြည်ရေးပေါက်နှင့်ကျေး

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တိုင်းရေးပြည်ရေး
# ပေါက်နှင့်ကျေး

ပီ–မိုးနင်း

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

"တိမ်တောင် ကြက်ဥ၊ ပြည်မှူခဲရာ၊ အဖြာဖြာကို
လိမ္မာကျွမ်းကျင်၊ မိုးနှယ်ထွင်လျက်
ဂျင်သို့ မွတ်မွတ်၊ သီးဆွတ်ပဒေသာ၊ မျိုးမြန်မာသည်
မင်္ဂလာအောင်ပန်း ပန်စေသော်ဝ်"

"တိုင်းရေးပြည်ရေး၊ ပေါက်နှင့်ကျေး။ ကြက်ဥအရောင်၊ တိမ်တောင်သဖွယ်၊ မင်ရေးကျယ်" ဟူသော ရှေးပေါရာဏစကားတို့၏ ခက်ခဲနက်နဲသော သဘောသွားကို ထင်ရှားစေရန်နှင့် တိုင်းရေးပြည်ရေးတွင် ကောင်းစွာ အမြင်ကျယ်သည်ထက် ကျယ်စေရန် ရည်ရင်းစွဲ စိတ်စေတနာဖြင့် ဤကျမ်းမျိုး တစ်စောင်တစ်ဖွဲ့ကို ရေးသားထုတ်ဝေလိုသော အာသီသသည် တစ်နေ့တခြား ကြီးမား တိုးတက်ရကား အနောက်နိုင်ငံတစ်လွှားတွင် တိုးတက်ကြီးပွားနေသော တိုင်းပြည်တို့မှ တိုင်းရေးပြည်ရေး ကျမ်းအစောင်စောင်တို့ကို သေချာစွာ ဖတ်ရှု၍ မြန်မာနိုင်ငံနှင့် သင့်လျော်အောင် ဘာသာပြန်ပေးရန် ဆရာကြီးပီမိုးနင်းအား တောင်းပန်ရာ ယခု ဤကျမ်းစာစောင် ဖြစ်ပေါ်လာရပါကြောင်း။ ။

**ဆန့်နီ**

ပဲရော့ကုမ္ပဏီ

၇၇–မော်တင်လမ်း၊ ရန်ကုန်။

mgyoe.com

mgyoe.com

မြန်မာ့တိုင်းပြည်၏ လူ့အရင်းအနှီး တိုးပွားစည်ပင်၊
ရိုပ်ငြိမ်ချမ်းသာ၊ ပဒေသာသို့ လိုရာမတား ရောက်စေခြင်းငှာ
ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ၊ ဆောင်ရွက်လတ္တံ့သော
ပဲခူး ဦးဆန်နီသည်
နိုင်ငံကျော် စာရေးဆရာကြီး ဗိုလ်မှူးနှင်းအား ၁၇ ကြိမ်မြောက် စီစဉ်ရေးဖွဲ့စေအပ်သော

# တိုင်းရေးပြည်ရေး ပေါက်နှင့်ကျေး

## ဗိုလ်မှူးနှင်း

mgyoe.com

mgyoe.com

# နိဒါန်း

ကျွန်ုပ်တို့၏ နိုင်ငံရေးသည် ဆင်းရဲသားများ၏ အခြေအနေကို တိုးတက်ကောင်းမွန်ဖို့နှင့် လွတ်မြောက်ဖို့အရေး ဖြစ်၏။ ကောင်စီဝင် ပါတီဟူသမျှ၏ ရည်ရွယ်ချက်သည်လည်း ဆင်းရဲသား ပြည်သူများ၏ ချမ်းသာရေး၊ စီးပွားရေး၊ ကြီးပွားရေးပင် ဖြစ်၏။ ကိုယ့်မင်းကိုယ့်ချင်း ပါတီသားများပင်လည်း ရှေးဦးပထမ ဆင်းရဲသား ပြည်သူများ၏ အကျိုးစီးပွားကို ရှေးဦးစွာ ရှာရပေမည်။ ထို့ကြောင့် ကျွန်ုပ်တို့ အများသိအပ်သော နိုင်ငံရေးသည် ဆိုရှယ်လစ်နိုင်ငံရေး ဖြစ်သင့်လေသည်။ အထူးသဖြင့် ယခုအခါမှာ ဖေဘီယန်ပါတီ၊ ဆင်းရဲသားဝါဒဟူသော စကားများ ထွက်ပေါ်၍လာလေရာ ဆိုရှယ်လစ်ဝါဒအကြောင်းကို အများသိကြဖို့ လိုလေသည်။ ထို့ပြင် ကျွန်ုပ်တို့မှာ လက်အောက်နိုင်ငံသားများဖြစ်ရာ ကျွန်ုပ်တို့၏ နိုင်ငံရေးအလုပ်တွင် ဆင်းရဲသား ပြည်သူ အမျိုးသားတို့၏ အခြေအနေတိုးတက်ရေးသည် အထူးအရေးကြီးလေသည်။ အခြေအနေ မတိုးသေးသမျှ လွတ်မြောက်ရေးရဖို့ ခက်လေသည်။ ထို့ကြောင့် ဤကျမ်းသည် ဆိုရှယ်လစ်ဝါဒကို အဓိကပြုအပ်သော ကျမ်းဖြစ်သည်ဟု သဘောရရှိ၍ ဆိုရှယ်လစ်ဝါဒအကြောင်းကို များစွာရေးသား ဖော်ပြရပေလိမ့်မည်။ ဤ

mgyoe.com

mgyoe.com


ကျမ်းသည် ဘာသာရန်ရပ်ဆဲလ်ရေးသော မာ့ခ်စ် ဝါဒကျမ်းကို မှီ၍ ပြန်ဆိုရေးသားခြင်းဖြစ်ရာ ပဲရှော့ဦးဆန်နီ၏ ဝါဒနှင့် ကျွန်ုပ်ကိုယ်ပိုင် ထင်မြင်ချက်များကိုလည်း အချို့သော နေရာများ၌ ဖြည့်စွက်၍ ထားပါကြောင်း။ ။

ဗိုးမိုးနင်း

mgyoe.com

mgyoe.com

# [ ၁ ] မာ့ခ်စ်နှင့် ဆိုရှယ်လစ်ဝါဒ

ဆိုရှယ်လစ်ဝါဒဆိုသည်မှာ မြေနှင့်ငွေကို တစ်ဦးတစ်ယောက်စီ မပိုင်မူ၍ ဘုံပစ္စည်းဖြစ်အပ်သည်ဟူသော ဝါဒဖြစ်လေသည်။ ဘုံပစ္စည်း (Communal Ownership) ဆိုသည်မှာ ထိုငွေနှင့် မြေကို ဒီမိုကရေစီအစိုးရ ပိုင်ခြင်းဟူ၍လည်း ယူဆနိုင်လေသည်။ ဒီမိုကရေစီ အုပ်ချုပ်ခြင်းမရှိသော တိုင်းပြည်များမှာကား မဖြစ်နိုင်ပေ။

ဘုံပစ္စည်းဆိုသည်မှာ တန်ခိုးအာဏာနှင့် မအုပ်မချုပ်သော မိန်းမ၊ ယောကျ်ားတို့၏ အစုအဝေးပိုင်ပစ္စည်းလည်း ဖြစ်နိုင်လေသည်။ ထိုအစုအဝေးများမှာ လွတ်လပ်သော အသင်းအဖွဲ့များ ဖြစ်ကြလေသည်။ ထိုအယူကား အနာကစ် (Anarchist) အယူ ဖြစ်လေသည်။

အချို့သော ဆိုရှယ်လစ်များက ထိုကဲ့သို့သော ဘုံပစ္စည်း အခြေအနေကို တဖြည်းဖြည်းမှ ရရှိနိုင်သည်ဟု ယူဆကြ၏။ အချို့ကား ချက်ချင်းသူပုန်ထခြင်းဖြင့် ရနိုင်သည်ဟု အယူရှိကြလေသည်။ တဖြည်းဖြည်းမှ ရနိုင်မည်ဟု ယူဆသူတို့၏နည်းကား အလုပ်အကိုင် တစ်မျိုးပြီးမှ တစ်မျိုး ဘုံပစ္စည်းအဖြစ်သို့ ရောက်နိုင်မည်ဟူသော နည်း ဖြစ်လေသည်။ အချို့သော ဆိုရှယ်လစ်များက ရှိသမျှမြေနှင့် ရှိသမျှ

mgyoe.com

mgyoe.com


ငွေကို အကုန်အစင် ဆင်းရဲသားပြည်သူများ ပိုင်ရမည်ဟု သဘောရကြ၏။ အချို့ကား အကုန်အစင် မပိုင်စေကာမူ တစ်ဦးတည်းပိုင် အလုပ်များ၊ တစ်ဦးတည်းပိုင် ပစ္စည်းများ မိမိတို့ လွှမ်းမိုးလောက်အောင် မကြီးမကျယ်က ထိုတစ်ဦးတည်းပိုင်ပစ္စည်း အချို့အဝက် ကျန်ရှိခြင်းကြောင့် အရေးမကြီးဟု သဘောရကြလေသည်။ ဆိုရှယ်လစ်အားလုံး သဘောတူညီသော အချက်ကား တစ်ဦးတည်းပိုင်၊ ငွေရှင်ပိုင် ပစ္စည်းဟူသမျှနှင့် အလုပ်ဟူသမျှကို အကုန်အစင် ပပျောက်စေခြင်းနှင့် ဒီမိုကရေစီစနစ်ဖြစ်လေသည်။

ဆိုရှယ်လစ်၊ အနာကစ်၊ ဆင်ဒီကယ်လစ် (Syndicalist) ခေါ် ဝါဒသမားများသည် စင်စစ်အားဖြင့် အားလုံးပင် ဆိုရှယ်လစ်များဖြစ်ကြ၏။ ၎င်းတို့လိုလားသော ဒီမိုကရေစီနည်းစနစ်မှာသာ ခြားနားကြလေသည်။

Orthodox Socialists အော်သောဒေါက် ဆိုရှယ်လစ်ခေါ်သူများကား အစိုးရ၏ အုပ်ချုပ်ခြင်းအတွင်း ပါလီမန်ကို လက်ကိုင်ပြုကာ ဆင်းရဲသားတို့၏ အခွင့်အရေးကို တိုးတက်အောင် ကြိုးစားခြင်းဖြစ်သော A Parliamentary Democracy ပါလီမန် ဒီမိုကရေစီနည်းဖြင့် တင်းတိမ်ကြ၏။ ပါလီမန်တရီ ဆိုရှယ်လစ် (Parliamentary Socialist) ဟု ၎င်းတို့ကို ခေါ်၏။

၎င်းတို့၏အယူမှာ ဤအုပ်ချုပ်ရေး၌ တွေ့ရှိရသော အပြစ်အနာများသည် ငွေရှင်များ ပပျောက်သည်နှင့်တစ်ပြိုင်တည်း ပပျောက်နိုင်မည်ဟု အယူရှိကြလေသည်။

အနာကစ်နှင့် ဆင်ဒီကယ်လစ်များသည်ကား အစိုးရကို အားကိုးသော နည်းလမ်းဟူသမျှကို အကုန်အစင် ပစ်ပယ်ကြ၏။ ၎င်းတို့၏ ဆန္ဒမှာ ပြည်သူအစုအဝေး၏ အခြေအနေကို တစ်နည်းတစ်ဖုံ ပြုပြင်ရန် ဆန္ဒဖြစ်လေသည်။ သို့သော်လည်း ၎င်းတို့အားလုံးမှာ အမြင့် အနိမ့်ရှိခြင်း၊ အနည်းငယ်မျှသော သူများမှာ အခွင့်တရား

mgyoe.com

mgyee.com


ပိုမိုရရှိ၍ အများတို့မှာ အခွင့်တရား နည်းပါးခြင်း အခြေအနေတို့ကို ပပျောက်စေရန် လိုလားသူများချည်းသာ ဖြစ်ကြလေသည်။ ဤအချက်၌ ၎င်းတို့အားလုံး သဘောချင်းတူ၍နေကြလေသည်။ ၎င်းတို့သည် အခစားအလုပ်သမားများ ကောင်းစားဖို့ကိုသာ ရှာကြံကြသူများ ဖြစ်ကြလေသည်။ ၎င်းတို့သည် ငွေပေး၍ ခိုင်းခြင်း၊ အခစား ငှားရမ်း စေခိုင်းခြင်း အလုပ်သည် ဆင်းရဲသူ အလုပ်သမားများကို အနိုင်ကျင့်ခြင်းဖြစ်သည်ဟု အယူရှိကြလျက် ထို ဆိုးဝါးသော အခြေအနေကို ပပျောက်အောင် အလုပ်အကိုင်ဟူသမျှ၊ မြေဟူသမျှ၊ ငွေဟူသမျှကို ဆင်းရဲသား အလုပ်သမား အများပိုင်ဖြစ်အောင် ကြိုးစားကြသူများ ဖြစ်ကြလေသည်။

သို့သော်လည်း ၎င်းဝါဒအတွင်း၌ ကွဲပြားချက်တွေ များစွာရှိကြလေသည်။ ၎င်းဆိုရှယ်လစ်ဝါဒ၏ တန်ခိုးအရှိန်အဝါသည် မာ့ခ်စ် (Marx) ခေါ်သူက အစပြုသဖြင့် ပေါ်ပေါက်သော အရှိန်အဝါ ဖြစ်သည်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။ ၎င်းပုဂ္ဂိုလ် မပေါ်ပေါက်မီ ရှေးအခါများ၌လည်း ဆိုရှယ်လစ်အယူများသည် အင်္ဂလန်နိုင်ငံ၌လည်းကောင်း၊ ပြင်သစ်နိုင်ငံ၌လည်းကောင်း ရှိနှင့်ကြသည်ကား မှန်၏။ ပြင်သစ်နိုင်ငံ(၁၈၄၈–ခုနှစ်)သူပုန်ထစဉ်အခါ၌လည်း ဆိုရှယ်လစ်ဝါဒသည် အတော်ကြီးသော အရှိန်အဝါနှင့် ပေါ်ပေါက်ခဲ့ဖူးလေသည်။ ကြာမြင့်စွာကား မတည်ခဲ့ပေ။ ထိုအခါ၌ ဆိုရှယ်လစ်များသည် မဖြစ်နိုင်သော အတွေး၊ အကြံ၊ အလုပ်များကိုသာ လုပ်ကြ၍ တည်တံ့ခိုင်လုံသော နိုင်ငံရေးပါတီအဖြစ်သို့ မရောက်ခဲ့ပေ။

ယခု ဆိုရှယ်လစ်ဝါဒသည် ဝါဒတစ်ခုအဖြစ်သို့ အခြေကျစွာ တည်ရှိခြင်းသည် မာ့ခ်စ်နှင့် အင်းဂဲ (Engels) ဤပုဂ္ဂိုလ်နှစ်ဦး၏ အစွမ်းကြောင့် ဖြစ်လေသည်။ ထိုဝါဒမှာ အများသဘောကျလောက်အောင် ယုတ္တိအာဂုံနှင့် ပြည့်စုံသဖြင့် ဥရောပ၊ အမေရိကတိုင်းဟူသမျှသို့ ပျံ့နှံ့ကာ နိုင်ငံခြား ဆိုရှယ်လစ်အဖွဲ့ကြီးအဖြစ်သို့ပင် ရောက်ခဲ့

mgyoe.com

mgyoe.com


လေသည်။ (International Socialist Movement) အဖွဲ့ကြီး သည် နှစ်ပေါင်းငါးဆယ်အတွင်း တိုးတက်၍ လာခဲ့လေသည်။

မာ့ခ်စ်၏ ဆိုရှယ်လစ်ဝါဒကို သေချာစွာ နားလည်ရန်အတွက် မာ့ခ်စ်၏ အတ္ထုပ္ပတ္တိ ဇာစ်မြစ်ကို သိဖို့လိုလေသည်။ ၎င်းသည် ၁၈၁၈ ခုနှစ်တွင် ရိုင်းနယ်၊ ထရီဗျက်မြို့၌ ဖွားမြင်၏။ ၎င်း၏ဖခင်မှာ ဥပဒေ ဘက်ဆိုင်ရာ အရာရှိ ရဟူဒီလူမျိုးဖြစ်၍ နာမည်မှုသာ ခရစ်ယာန်ဖြစ် လေသည်။ မာ့ခ်စ်သည် ဥပဒေ၊ ဖီလော်ဆော်ဖီ၊ နိုင်ငံရေး၊ ရာဇဝင် စသည့် ပညာများကို ဂျာမန်သိပ္ပံအရပ်ရပ်မှာ သင်ကြားတတ်မြောက်ခဲ့ ၏။ ဖီလော်ဆော်ဖီ (Hegel)ဟီဂျယ်ခေါ် ထိုအခါ၌ ထင်ရှားကျော်ကြား သော ပညာရှိကြီး၏ ဝါဒများကို အထူးနှစ်သက် လိုက်စားခဲ့ရာ ၎င်း၏ ယူဆပုံများ၌လည်း ထိုဝါဒများ၏ အငွေ့အသက်ပါဝင်၍နေလေသည်။ ကမ္ဘာပေါ်၌ ပြောင်းလဲခြင်းများသည် အကြောင်းတရား၊ အကျိုးတရား သဘောအတိုင်း တစ်မျိုးသော အခြေအနေမှ ဖီလာဆန့်ကျင်ဘက်ဖြစ် သောအခြေအနေသို့ ပြောင်းလဲရသည်ဟူ၍ မာ့ခ်စ်အယူရှိ၏။ ထိုပြောင်း လဲခြင်းမှာ အီဗော်လူးရှင်း(Evolution)ခေါ် တစ်စတစ်စ တဖြည်းဖြည်း တိုးတက် ပြောင်းလဲခြင်းမျိုး မဟုတ်ပေ။ လုံးလုံးလျားလျား တစ်ခါ တည်း ပြောင်းလဲခြင်းဖြစ်သော (Evolution) နည်း ဖြစ်လေသည်။ သို့သော်လည်း ဟီဂျယ်နှင့် မတူသော အချက်များလည်း ရှိလေသည်။ အထူးသဖြင့် အသက်ကြီးသောအခါ ဟီဂျယ်၏ အယူအချို့ကို စွန့်ပစ် လေသည်။ ၎င်းသည် ကျောင်း၌ ထူးချွန်၏။ ကြီးပွားချမ်းသာ ကြွယ်ဝ လိုက အရာရှိကြီးတစ်ယောက်သော်လည်း ကောင်း၊ သိပ္ပံပါမောက္ခ ကြီး တစ်ယောက်သော်လည်းကောင်း ဖြစ်နိုင်ဖို့ရှိ၏။ သို့သော်လည်း ၎င်း၏ နိုင်ငံရေးထင်မြင်ချက်များနှင့် နိုင်ငံရေးဝါသနာကြောင့် ပင်ပန်း ဆင်းရဲသော ဆိုရှယ်လစ်အလုပ်ကို လုပ်ခဲ့ရလေသည်။

၁၈၄၂ ခုနှစ်၌ သတင်းစာအယ်ဒီတာဖြစ်၏။ ၎င်း၏ သတင်း စာမှာ ထင်မြင်ချက်ကြောင့် ပရာရှန်အစိုးရ၏ ပိတ်ပင်ခြင်းကို ခံရလေ

mgyoe.com

mgyee.com


သည်။ ထို့နောက် ပြင်သစ်သို့ရောက်ရာ ဆိုရှယ်လစ်ဟူသော နာမည်ကို ရလေသည်။ မိမိ၏ အရင်ကျသော ပြင်သစ်ဆိုရှယ်လစ်များ၏ နည်းလမ်းများကိုလည်း ရရှိလေသည်။ ၁၈၄၅ ခုနှစ်၌ ပါရီမြို့မှ နှင်ထုတ်ခြင်းကို ခံရသဖြင့် အင်ဂျယ်နှင့်အတူ ဘရပ်ဆဲမြို့ကို သွား၍ နေရ၏။ အနာကစ်များ၊ ဆိုရှယ်လစ်များသည် ကိုယ်ကျိုးကို ရှာသူများမဟုတ်။ ကမ္ဘာကြီး ကောင်းစေလိုသောစိတ်နှင့် ဆင်းရဲဒုက္ခများကို ခံကြရသူများ ဖြစ်ကြလေသည်။ ၎င်းတို့၏ စာများမှာကား လူတွေကို မေတ္တာထားသော အသံထက် အမုန်းသန်သောအသံက ပို၍ ထင်ရှား၏။ သို့ဖြစ်ခြင်းမှာ 'ငါတို့က အမှန်ကို ဟောပါလျက် တမင်သက်သက် ခုခံငြင်းဆန်ကြသည်' ဟူသော ကရုဏာဒေါသကြောင့်ဖြစ်ရာ အမုန်းသံပါ၍နေခြင်း ဖြစ်လေသည်။ အသိဉာဏ်ကြောင့် တက်ကြွသော မာနကား ကင်းကြမည်မဟုတ်ပေ။

ဘရပ်ဆဲမြို့၌ ဂျာမန်အလုပ်သမားများ၏ အသင်းကို ဖွဲ့စည်းတည်ထောင်၍ အသင်းသတင်းစာတစ်စောင်ကို ထုတ်ဝေ၏။ ထိုအလုပ်၏ အစွမ်းဖြင့် ပါရီမြို့ရှိ ဂျာမန်ကွန်မြူနစ်အသင်းကြီးသည် ၎င်း၏အကြောင်းကို ကြားသိလေသည်။ ၁၈၄၈ ခု၊ ဇန်နဝါရီလ၌ ၎င်းအသင်းကြီးက တောင်းပန်သဖြင့် ကွန်မြူနစ်ကြေညာစာတမ်းတစ်ခုကို အင်ဂျယ်နှင့်အတူ ရေးသားထုတ်ဝေခဲ့၏။ ထိုစာတမ်းသည် မာ့ခ်စ်၏စနစ် ပထမ ထွက်ပေါ်ခြင်းပင် ဖြစ်လေသည်။

ထိုအခါသည် အခါကောင်းဖြစ်၍ နောက်တစ်လအတွင်း ပါရီမြို့၌ သူပုန်ထပြီး သူပုန်အရေးသည် ထို့နောက်တစ်လ မတ်လ၌ ထိုသူပုန်အရေးသည် ဂျာမနီသို့ ကူးစက်လေသည်။ ထိုအခါ ဘယ်လ်ဂျီယန်နိုင်ငံ၌ သူပုန်ထမှာကြောက်သဖြင့် ဘယ်လ်ဂျီယန်အစိုးရက ၎င်းကို နှင်၍ပစ်ရ၏။ သို့သော်လည်း ဂျာမန်သူပုန်အရေးကြောင့် မိမိဒေသသို့ ပြန်၍ ရောက်ခဲ့ရလေသည်။ ဂျာမန်ပြည်၌ သတင်းစာတစ်စောင်ကို ထုတ်ဝေပြန်ရာ တစ်နှစ်အတွင်း ၎င်း၏ သတင်းစာကို

mgyee.com

၁၈၄၉ ခုနှစ်၌ အစိုးရက ပိတ်ပြီး ၎င်းကို ပရာရှားပြည်မှ နှင်ထုတ်ရပြန်လေသည်။ ထိုအခါ ပါရီမြို့ကို ပြန်၏။ ထိုမြို့မှလည်း အနှင်ခံရပြန်၏။ ထိုအခါ အင်္ဂလန်ကို ကူးပြီး ထကြွလှုပ်ရှားခြင်းတည်းဟူသော နိုးစက်ခလုတ်ကို တစ်ခါတစ်ခါ နှိပ်ရင်း ၁၈၈၃ ခုနှစ်၌ သေရရှာလေသည်။

အဘယ်မှာလျှင် လူ့ဘဝ၌ အေးဆေးစွာ နေခဲ့ရပါသနည်း။ ၎င်း၏စိတ်သည် မျိုးချစ်စိတ်ထက် ကြီးမြင့်သော မနုဿ လူဆင်းရဲ၊ အလုပ်သမားဟူသမျှကို ချစ်သောစိတ်ဖြစ်လေသည်။ ၎င်း၏ အများဆုံးသောအချိန်မှာ (Capital) ကက်ပီတယ်ခေါ် ကျမ်းကြီးကို ရေးရာ၌ ကုန်လွန်ခဲ့လေသည်။ ထိုကျမ်း၏ ပထမအုပ်မှာ ၁၈၆၇ ခုနှစ်၌ ထွက်ပေါ်၍ ကြွင်းသောနှစ်အုပ်မှာ ၁၈၈၅–၁၈၉၄ ခုနှစ်များ၌ (၎င်းသေပြီးမှ) ထွက်ပေါ်ကြလေသည်။ အခြား အရေးကြီးသော အလုပ်ကား အလုပ်သမားများ၏ နိုင်ငံခြားအသင်းကြီးကို တည်ထောင်ခြင်းဖြစ်လေသည်။ ၁၈၄၉ ခုနှစ်မှစ၍ သေသည်တိုင် ဗြိတိသျှပြတိုက်ကြီးမှာသာ အချိန်ကို ကုန်စေလျက် ငွေရှင်များကို နိုင်ဖို့ရန် အချက်အလက် စာအုပ်စာတမ်းများကိုသာ ရှာဖွေစုဆောင်း၍ နေခဲ့လေ၏။

မာ့ခ်စ်၏ ဝါဒမှာ ချုံ့လိုက်လျှင် အချက်သုံးချက်သာ ရှိ၏။ ထိုသုံးချက်ကား (၁)ရာဇဝင်သည် ပစ္စည်းဥစ္စာအခြေအနေအလျောက် ဖြစ်ပေါ်သည်ဟူသော အချက်။ (၂) ပစ္စည်းဥစ္စာ ငွေအားသည် စုမိပုံမိသည့်အခါ တစ်စတစ်စ ကြီးပွားတိုးတက်သည်ထက် တိုးတက်ခြင်း။ (၃) ငွေရှင်နှင့် ဆင်းရဲသားအလုပ်သမားတို့၏ စစ်ရေး ဤသုံးချက် ဖြစ်လေသည်။

၁။ လူသတ္တဝါတို့၏ အစုအဝေး အခြေအနေသည် ဘောဂဥစ္စာ အခြေအနေအားလျော်စွာ ဖြစ်ရမြဲဟု မာ့ခ်စ်အယူရှိ၏။ နိုင်ငံရေးအုပ်ချုပ်ရေးစနစ်၊ တရားဥပဒေ၊ ဘာသာ၊ အယူအဆ စသည့်

mgyoe.com

mgyoe.com


တို့သည် ဘောဂအခြေအနေအားလျော်စွာဖြစ်ကြရ၏။ သို့သော်လည်း ဘောဂသာလျှင် အရေးအကြီးဆုံးသော အကြောင်းရင်းဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ဆိုလိုရင်းကား ဘောဂသည် ထင်မြင်ချက်နှင့် စိတ်နေသဘောထားကို ဖန်တီးပြုပြင်ခြင်းဖြစ်လေသည်။ သို့ဖြစ်သော ကြောင့် ဘောဂနှင့် အဆက်အသွယ်မရှိဟု လူတို့၏စိတ်၌ မှတ်ထင်၍ နေကြသော များစွာသောအခြေအနေတို့သည် ဘောဂ၏ အကြောင်း ပြုခြင်းနှင့် မကင်းသော ဆက်သွယ်ခြင်းရှိ၍ နေလေသည်။

ငင်း၏ဝါဒအတိုင်းဖြစ်သော ပြောင်းလဲခြင်းများသည် နှစ်မျိုး ရှိ၏။ တစ်မျိုးမှာ အတိတ်နှင့်ဆိုင်၏။ တစ်မျိုးမှာ အနာဂတ်နှင့် ဆိုင် လေသည်။ အတိတ်နှင့်ဆိုင်သော ပြောင်းလဲခြင်းကား နယ်စားများကို ဘူဇွာဇေးခေါ် ပြည်သူအများက ဖြူးဒယ်လစ်ဇင်ခေါ် မိမိတို့၏ အရှင် သခင်နယ်စားများ၏ အာဏာစက်မှလွတ်အောင် ပုန်ကန် ပြောင်းလဲ ခြင်းဖြစ်၏။ အနာဂတ်ပြောင်းလဲခြင်းမှာ ဘူဇွာဇေးတို့၏ ဖိစီးခြင်းမှ အလုပ်သမား၊ အခစားများ လွတ်မြောက်အောင် ပုန်ကန်ထကြွ ပြောင်းလဲခြင်းဖြစ်၏။ ဤအနာဂတ် ပြောင်းလဲခြင်းသည် ဆိုရှယ်လစ် နည်းပင် ဖြစ်လေသည်။ ဥရောပတိုင်း အလယ်ခေတ်၌ နယ်စား ပယ်စားများသည် မိမိတို့၏ နယ်မြေများ၌ နေသူများထံမှ အခွန် ယူကြလေသည်။ ထိုအခါ၌ ငင်းတို့၏ နယ်များ၌ နေသူများသည် ဘူဇွာဇေးများပင် ဖြစ်ကြ၏။ ယခုအခါ၌ကား ဘူဇွာဇေးများသည် ငွေရှင်များ၊ မင်းစိုးများ၏ အဆင့်အတန်းဘက်သို့ရောက်ကာ အလုပ် သမားများကို ဖိနှိပ်ကြ၏။ ငွေရှင် သူဌေးတိုက်များ၌ မန်နေဂျာများ၊ လခကြီးရသူများသည် ဘူဇွာဇေးများပင် ဖြစ်ကြလေရာ ပြည်သူ လူကုံထံများဟု အခေါ်ခံသူများပင် ဖြစ်ကြလေသည်။

ဤ အနာဂတ်ပြောင်းလဲခြင်းမှာ (Socialist Commonwealth) ဆိုရှယ်လစ်နိုင်ငံ တည်ထောင်ရေးပင် ဖြစ်လေသည်။ ရုရှား ပြည်၌ ဖြစ်မြောက်၍နေ၏။ အခြားပြည်များ၌ ကွန်မြူနစ်အခေါ်ခံ

mgyoe.com

mgyoe.com


သူများ၊ တရုတ်ပြည် ကွန်မြူနစ်သူပုန်များ၊ စပိန်အစိုးရ၊ ၎င်းတို့သည် ဆိုရှယ်လစ်များပင် ဖြစ်ကြလေရာ အာဏာပိုင်အစိုးရကို အလိုမရှိသူများ ဖြစ်ကြလေသည်။

၎င်းသည် ဆိုရှယ်လစ်သူပုန်ထဖို့ကို တိုက်တွန်းအားပေးသူမဟုတ်။ မထဘဲ မနေနိုင်ဟု ဟောသူဖြစ်လေ၏။ ၎င်း၏ ဝါဒမှာ ရာဇဝင်ကို ပစ္စည်းဥစ္စာအခြေအနေက ပြုပြင်သည်ဟူသော ဝါဒဖြစ်လေသည်။ ၎င်းသည် ငွေရှင်များကို ရက်စက်မှုနှင့် စွပ်စွဲ အပြစ်တင်သူမဟုတ်။ ပစ္စည်းဥစ္စာ၊ ငွေနှင့် မြေကို တစ်ဦးတစ်ယောက် ပိုင်၍နေသမျှ ထိုရက်စက်ခြင်းများ မဖြစ်မပေါ်ဘဲ မနေနိုင်ဟူ၍သာ ဆို၏။ သို့သော်လည်း ထို နိုင်ထက်စီးနင်းပြုခြင်းသည်ပင်လျှင် ရန်သူကို ပေါ်ပေါက်စေမည်ဖြစ်သောကြောင့် အမြဲနိုင်၍ နေနိုင်မည်မဟုတ်။ ပျက်စီးပြောင်းလဲမည့်အချိန်အခါ ရောက်လာရမည်ဟူ၍ အယူရှိလေသည်။

၂။ ငွေရင်းဥစ္စာ၏ စုပုံခြင်းစနစ်၊ ငွေရှင်များ၏ ပစ္စည်းဥစ္စာအင်အားအခြေအနေသည် ကြာလေလေ အဆောက်အအုံ၊ အစိုင်အခဲ၊ အစုအပုံ ကြီးလေလေဖြစ်မည်ဟု မာ့ခ်စ် ရေးခဲ့၏။ ပိုင်ရှင်တစ်ဦးနှင့်တစ်ဦး အပြိုင်ပြုခြင်းအစား ကုမ္ပဏီကြီးတွေ၊ အစုစပ်အလုပ်ကြီးတွေ ပေါ်ပေါက်မည်ကိုလည်းကောင်း၊ အလုပ်တွေ ကြီးကျယ်သလောက် ပိုင်ရှင်တွေ နည်းပါး၊ ဆုတ်ယုတ်မည်ကိုလည်းကောင်း တင်ကြို၍ မြင်၏။ ထိုနည်းဖြင့် တစ်ဦးတည်းပိုင် အလုပ်တွေ နည်းပါး၊ ဆုတ်ယုတ်ပြီး ငွေရှင် အရေအတွက်ပါ ယုတ်လျော့၍သွားမည်ဟု ဟောခဲ့လေသည်။ ထိုနည်းဖြင့် ငွေရှင်များအထဲမှ ပျံကျအလုပ်သမားများ အဖြစ်သို့ ရောက်သူတွေ များ၍လာမည်ဟု အယူရှိလေသည်။ လယ်အလုပ်မှာလည်း ထို့အတူဖြစ်မည်ဟု ယုံကြည်၏။ လယ်ပိုင်ရှင်၊ မြေပိုင်ရှင်တွေ နည်းပါးဆုတ်ယုတ်ပြီး လယ်မြေတွေမှာ ရှေးကထက် ပိုမိုကျယ်ဝန်း၍လာမည်ဟု မျှော်လင့်လေသည်။ ထိုနည်းဖြင့် ငွေရှင်များ

mgyoe.com

mgyoe.com


၏ ကျူးလွန်ခြင်းများ ထင်ရှားလျက် ၎င်းတို့ကို ဖြိုဖျက်မည့် ရန်သူ အားကို တိုးတက်ကြီးမားစေလိမ့်မည်ဟု မာ့ခ်စ်သည် ရေးခဲ့လေသည်။

၃။ ငွေရှင်များနှင့် အခစား အလုပ်သမားများ၏ စစ်ရေး။ မာ့ခ်စ် ၏ အယူမှာ ငွေရှင်များနှင့် အခစားအလုပ်သမားများကို ဆီနှင့် ရေ ခြားသလို ခြား၍နေသည်ဟူသော အယူ၊ တစ်စုံတစ်ရာ ကိုယ်ပိုင် မရှိ၊ လက်ခြေသာရှိသော အလုပ်သမားများကို ပစ္စည်းဥစ္စာဟူသမျှ အကုန်ပိုင်သော ငွေရှင်များက နှိမ်နင်းခိုင်းစေ၍ နေသည်ဟူသော အယူဖြစ်လေသည်။ ထိုကဲ့သို့ ခြားနားသော လူနှစ်မျိုးသည် ကြာလေ မသင့်လေ ဖြစ်ကာ ငွေရှင်များ၏ သဘောထားပုံ ထင်ရှားလေလေ၊ ရန်မီးကြီးလေလေဖြစ်ဖို့ ရှိလေသည်။ အကြောင်းမူကား ထိုအခါ၌ အလုပ်သမားများသည်- အစည်းအရုံးပြုလုပ်ကာ တပ်ကြီးများဖြစ် အောင် ဖွဲ့ကြရလိမ့်မည်။ ထိုတပ်များမှာ ရှေးဦးပထမ ဒေသန္တရ၊ ထို့နောက် တစ်ပြည်ထောင်လုံး၊ ထို့နောက် တစ်ကမ္ဘာလုံးနှင့်ဆိုင်သော နိုင်ငံခြားတပ်များဖြစ်၍လာလိမ့်မည်။ ထိုအခါ မအောင်မမြင်ဘဲ မနေ နိုင်။ အောင်မြင်သောအခါ ငွေနှင့်မြေ မှန်သမျှ ဘုံပစ္စည်းဟု ဆုံးဖြတ် ကြလိမ့်မည်။ ငွေရှင်၊ ပစ္စည်းရှင်တို့၏ ဖိစီးခြင်းမှ ကင်းလွတ်ရတော့ မည်။ လူ့အဆင့်အတန်း အနိမ့်အမြင့်ရှိတော့မည်မဟုတ်။ လူတိုင်း လွတ်လပ်ရပေမည်။

ဤကား မာ့ခ်စ်၏ ဝါဒများဖြစ်ရာ ကွန်မြူနစ် ကြေညာ စာတမ်း၌ ထိုအချက်တွေ အကုန်ပါဝင်လေသည်။ ဝါဒကို (Communism) ကွန်မြူနစ်ဇင်ဟု ခေါ်ဆိုကာ အဆိုပါ ကြေညာစာတမ်း တွင် ရေးသားလေသည်။ ဤစစ်ရေးမျိုးကား ရာဇဝင်၌ အမြဲဖြစ်၍ နေ၏။ သူပုန်ထကြပြီးနောက် အသစ်ပြန်၍ တည်ထောင်ကြရ၏။ တစ်ခါတစ်ခါ၌လည်း နှစ်ဦးနှစ်ဖက်စလုံး ပျက်စီးကြရလေသည်။

ထိုကြေညာစာတမ်း၌ အလုပ်သမားများ ရရှိသောအခမှာ အသက်နှင့်ကိုယ် အတူနေထိုင်နိုင်ရုံသာသာမျှဖြစ်ကြောင်း ဖော်ပြ၏။

mgyoe.com

mgyoe.com


အလုပ်နိမ့်ကျလေလေ အခနည်းလေလေဖြစ်ကြောင်း။ စက်ကိရိယာနှင့် အလုပ်ဌာန ခွဲဝေပိုင်းခြားခြင်းတွေ များလေလေ၊ အလုပ်သမားများ ပင်ပန်းလေလေဖြစ်ကြောင်း။ ရှေးအခါက သေးငယ်သော အလုပ်ရုံကလေးများသာရှိ၍ ယခုအခါ အလုပ်ရုံကြီးများ ပေါ်၍လာကြောင်း။ အလုပ်သမားများမှာ စစ်သားများလို လုပ်ကြရ၍.ခိုင်းစေသူများမှာ အရာရှိ၊ ဆာဂျင်၊ ဗိုလ်မှူးကလေးများမှစ၍ အုပ်ချုပ်သူ ဗိုလ်မှူးများဖြစ်ကြကြောင်း။ ၎င်းတို့မှာ ပိုင်ရှင်၏ကျွန်သာမဟုတ် ခန့်ခွဲထားသူ အဆင့်အတန်း အစားစားတို့နှင့် စက်ကိရိယာများ၏ ကျွန်များလည်း ဖြစ်ကြကြောင်း။

ထိုနည်းဖြင့် အခစားများကို သည်းမခံနိုင်အောင် ပြုကြသဖြင့် ရန်မီးပေါ်ပေါက်ရမည်ကား မလွဲကြောင်း။ ထိုရန်ပွဲမှာ တစ်ယောက်ကစ တစ်ရာ၊ အလုပ်တစ်ခုမှ တစ်ခု၊ တစ်နယ်မှ တစ်နယ်၊ တစ်နိုင်ငံမှ တစ်နိုင်ငံ ကူးစက်ပြီး အလုပ်၊ လက်နက်၊ စက်ကိရိယာများကိုပါ ထိခိုက်မည်ဖြစ်ကြောင်း။ ထိုအခါ Trade Union ခေါ် အလုပ်သမားအသင်းအဖွဲ့များလည်း ပေါ်၍လာမည်ဖြစ်ကြောင်း။ ၎င်းနောက် အမြဲတည်သော အသင်းများပေါ်ကာ အရေးရှိက ထကြွဖို့ရန် ရန်စက်ကို အမြဲဆင်၍နေကြလိမ့်မည်ဖြစ်ကြောင်း။ အလုပ်သမားများ မကြာခဏအောင်မြင်ခြင်းကို ရမည်ဖြစ်သော်လည်း ၎င်းတို့မှာ လက်ငင်း အကျိုးရှိမည်မဟုတ်၊ အောင်မြင်ခြင်းများသည် အသင်းများနှင့် စည်းလုံးခြင်း အားကိုသာ တိုးတက်စေမည်ဖြစ်ကြောင်း။ ထို့နောက် တစ်ရပ်က တစ်ရပ်သို့ လွယ်ကူလျင်မြန်စွာ သွားရောက်နိုင်ကြသော အခြေအနေများ ပေါ်ပေါက်၍လာသောအခါ အလုပ်သမားများ၏ အားသည် ပိုမိုကြီးမား၍ လာမည်ဖြစ်ကြောင်း။

ရှေး မီးရထား၊ သင်္ဘော၊ မော်တော်ကား၊ လေယာဉ်ပျံများ မပေါ်မီက နှစ်ပေါင်းတစ်ရာ၊ နှစ်ရာကြာမှ ရရှိနိုင်သည့် အောင်မြင်ခြင်းများကို ရက်၊ လ အနည်းငယ်နှင့် ရကြလိမ့်မည်ဖြစ်ကြောင်း။

mgyoe.com

mgyoe.com


အလုပ်သမားများအချင်းချင်း သူ့ထက်ငါ အပြိုင်လုပ်ကြခြင်းကြောင့်လည်း ၎င်းတို့ ဆုံးရှုံးခြင်းများဖြစ်ဖို့ရှိကြောင်း။ သို့သော်လည်း ပြန်၍ထကြသည့်အခါ အားအစွမ်းသတ္တိသည် တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုကြီးမားဖို့သာရှိကြောင်း။ ထို့နောက် လေဘာပါတီများ ပေါ်ပေါက်ကာ နိုင်ငံရေးအလုပ်များကို လုပ်ကြလိမ့်မည်ဖြစ်ကြောင်း။ ထိုအခါ ငွေရှင်များကို ဥပဒေပြုလုပ်ခြင်းဖြင့် နိုင်အောင် ကြိုးစားကြလိမ့်မည်ဖြစ်ကြောင်း စသည်များလည်း ပါရှိလေသည်။

အခြားအချက်များကား။ ။ အလုပ်သမားများမှာ ကိုယ်ပိုင်ပစ္စည်း မရှိခြင်း။ ၎င်းတို့၏ လင်မယား၊ သားအမိ၊ သားအဖ ဆက်ဆံခြင်းမှာ ဘူဇွာဖေးများ၏ လင်မယား၊ သားအမိ၊ သားအဖ ဆက်ဆံခြင်းမျိုးနှင့် တူမည်မဟုတ်ကြောင်း။ ၎င်းအလုပ်သမားများမှာ မျိုးချစ်စိတ် ကွယ်ပျောက်အောင် ဖိစီးခြင်း ခံကြရမည်ဖြစ်ကြောင်း။ ဥပဒေ၊ ဘာသာ၊ ကိုယ်ကျင့်တရားများကိုလည်း ဘူဇွာဖေးတို့၏ လက်နက်များဟု သဘောထားကြမည်ဖြစ်ကြောင်း။ အနိုင်ကျင့်သော လူစုသည် ဆင်းရဲသားများ တော်လှန်ခြင်းမပြုနိုင်အောင် မိမိတို့ကိုယ်ကို ကွယ်ကာကြလိမ့်မည်ဖြစ်ကြောင်း။ ထိုကွယ်ကာသော နည်းစနစ်အခြေအနေဟောင်းများကို ဖြိုဖျက်နိုင်မှသာ အလုပ်သမားများသည် ငွေရှင်၊ ဘူဇွာဖေးများကို နိုင်ဖို့ရှိကြောင်း။ အလုပ်သမားများမှာ တိုင်းပြည်မရှိသူများဖြစ်ကြောင်း။ ၎င်းတို့သည် တိုင်းပြည်များနှင့် လူမျိုးများကို ဖျက်ဆီးလိုသူများဖြစ်သည်ဟူသော စွဲဆိုခြင်းများကို ခံကြရမည်ဖြစ်ကြောင်း။

ကွန်မြူနစ်တို့၏ ရည်ရွယ်ချက်ကား တစ်ဦးတည်း ပစ္စည်း ဥစ္စာပိုင်ဆိုင်ခြင်းအခြေအနေကိုသာ ဖျက်ရန်ဖြစ်ကြောင်း။ ကွန်မြူနစ်ဝါဒ (Communism)ဝါ ဆိုရှယ်လစ်ဝါဒအား ဘာသာရေးဘက်က နေ၍ အပြစ် ပြောဆိုခြင်းများကို ဂရုစိုက်ဖို့ မလိုကြောင်း။ လူတို့၏ စိတ်ကူးပုံ၊ ကြံစည်နေထိုင်ပုံနှင့် လူတို့၏ ထင်မြင်ချက်များသည်

mgyoe.com

စီးပွားရေး၊ ဘောဂအခြေအနေအတိုင်း ဖြစ်ရသည်မှာ အထူးစဉ်းစား ဖွယ်မလိုကြောင်း။ ယခုကာလ အစိုးရများသည် ဘူဇွာဓနေတို့၏ အကျိုးစီးပွားအတွက် သက်သက်ဖြစ်ကြောင်း။ အလုပ်သမားများ သည် State ခေါ် တိုင်းနိုင်ငံ အုပ်ချုပ်ခြင်းကြီးကို မိအောင်ကိုင်ကြ ဖို့ရှိကြောင်း။ ထိုနည်းဖြင့် တဖြည်းဖြည်း ငွေရှင်များထံမှာ ပစ္စည်း ဥစ္စာ၊ ငွေအားကို တစ်စတစ်စ ရအောင်ယူကြရမည်ဖြစ်ကြောင်း။ ယူပြီးနောက် အုပ်ချုပ်သူ အလုပ်သမားများကိုယ်တိုင် ကုန်ပစ္စည်း များကို များစွာ ပိုမိုလျင်မြန်စွာ ရရှိအောင် စီမံလုပ်ကိုင်ကြရမည် ဖြစ်ကြောင်း။ ထိုအခါ အာဏာနှင့် အုပ်ချုပ်သော State ခေါ် တိုင်း နိုင်ငံ ယခု အုပ်ချုပ်စီမံနည်းသည် ပျောက်ကွယ်၍ သွားရမည်ဖြစ် ကြောင်း စသည်များ ဖြစ်ကြလေသည်။

မာ့ခ်စ်နှင့် အင်ဂျယ်တို့၏ ဆိုရှယ်လစ်ဝါဒသည် State Socialism ခေါ် အုပ်ချုပ်ခြင်းနှင့်ဆိုင်သော ဆိုရှယ်လစ်အခြေအနေ သို့ ရောက်နိုင်ဖွယ်ရာရှိသော်လည်း ထိုစနစ်မှာ အာဏာတန်ခိုးနှင့် ထွေးရော၍နေသောကြောင့် မာ့ခ်စ်ရော၊ အင်ဂျယ်ရော လိုလားမည် မဟုတ်ပေ။ ၎င်းတို့လိုလားချက်မှာ အာဏာတန်ခိုး မစွက်မဖက်ရ သော ဆိုရှယ်လစ်စနစ်ဖြစ်လေသည်။

ထိုကြေညာစာတမ်းကို ထုတ်ဝေလိုက်သောအခါ ရုရှားပြည်မှ တစ်ပါး၊ ဥရောပကွန်တီနင်ပြည်နယ်ကြီးအပေါင်းတို့မှာ ထိုကြေညာ စာတမ်း၏အသံသည် ငြိမ့်ငြိမ့်သဲ၍သွားပြီး ပြောင်းလဲခြင်းတွေ ဖြစ်ကြ ၏။ သို့သော်လည်း ထိုထကြွခြင်းများမှာ စီးပွားရေးနှင့် မသက်မဆိုင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်သွယ်သော ထကြွခြင်းများလည်းမဟုတ်။ ပြင်သစ်ပြည်မှာမှတစ်ပါး ထို ထကြွခြင်းများသည် မျိုးချစ်စိတ်နှင့် ဆိုင်သော အယူများနှင့် ပတ်သက်ကြလေသည်။ သို့ဖြစ်လေရာ ထိတ် လန့်သော အစိုးရများသည် မျိုးချစ်စိတ်ဝါဒများနှင့် ပတ်သက်၍ ကွဲပြားခြင်းဖြစ်အောင် အဆောတလျင်လုပ်ကြသဖြင့် ထကြွခြင်းများ

mgyoe.com

mgyee.com


သည် ခဏသာအောင်မြင်ပြီး စစ်များဖြစ်ကြ၍ အပြီးသတ်ကြလေသည်။

ထိုအခါ၌ တိုင်းပြည်များမှာ ထိုကြေညာချက်အတွက် အသင့်ပြင်ဆင်ထားပြီး မရှိခဲ့သေးပေ။ သို့သော်လည်း ထိုကြေညာစာတမ်း၏ အကျိုးကား ကမ္ဘာပေါ်ရှိ တိုင်းပြည်ဟူသမျှမှာ ဆိုရှယ်လစ်ဝါဒ ပျံ့နှံ့ပြီး အစိုးရများကိုပင် များစွာထိခိုက်ခဲ့ပြီးနောက် ရုရှားပြည် သူပုန်ထခြင်း၌ ထိုဝါဒ လွှမ်းမိုးခဲ့လေသည်။ နောင်များမကြာမီ၌လည်း တစ်ကမ္ဘာလုံးနှင့်ဆိုင်သော ဆိုရှယ်လစ်ဝါဒ အောင်မြင်ခြင်းကြီး ဖြစ်လိမ့်မည်ဟု မျှော်လင့်ဖွယ်ဖြစ်၏။

မာ့ခ်စ်၏ အလုပ်ကြီးမှာ (Capital) ကက်ပီတယ်ခေါ်သော ကျမ်း ဖြစ်လေသည်။ ထိုကျမ်းမှာ များစွာခက်ခဲ နက်နဲ၍ ထိုကျမ်းမှာ လူသတ္တဝါတွေကို နိုင်ထက်စီးနင်းပြုကာ ခိုင်းခြင်းဖြင့် စီးပွားဥစ္စာဖြစ်အောင်လုပ်ခြင်းကို သည်းရင့်စွာ မုန်းထားသည့်စာများ ပါရှိလေသည်။ ထိုကျမ်းမှာ ဆိုရှယ်လစ်ဝါဒ မှန်သည် မမှန်သည်ကို ဖော်ပြသော ကျမ်းမဟုတ်၊ ဘောဂဗေဒ သဘောတွေ များလေသည်။ ထိုဘောဂဗေဒ သဘောများမှာ စည်းစိမ်ရှင်များ မသိ နားမလည်သော သဘောတွေ ဖြစ်ကြလေသည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ မိမိ၏နောက်ပါ တပည့်အပေါင်းတို့၏ စိတ်အားကို တိုးတက်စေဖို့ရန် ဖြစ်လေသည်။

၎င်းကျမ်း၌ အလွန်အရေးကြီးသော အချက်တွေ ပါရှိလေရာ တစ်ချက်မှာ အောက်ပါအတိုင်းဖြစ်လေသည်။

၁၈၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့၌ နော်တင်ဂမ်မြို့ အက်ဆင်တလီအဖွဲ့အခန်း၌ ချယ်ယာမင်ပြုလုပ်သော ကောင်တီရာဇဝတ်တရားသူကြီး မစ္စတာ ဘရောင်တန်ရှာလတန် ထုတ်ဖော်ပြောဆိုသော အကြောင်းအရာတစ်ခုပါ ဖြစ်၏။ ထိုအကြောင်းအရာမှာ ဇာလုပ်ငန်း၌ ပါဝင်လုပ်ကိုင်ကြသော ဆင်းရဲသား အလုပ်သမား

mgyee.com

များမှာ လွန်စွာမှ ဆင်းရဲ ပင်ပန်းကြကြောင်း။ ယဉ်ကျေးသော အခြား
တိုင်းပြည်ဟူသမျှမှာ ထိုအဖြစ်အပျက်မျိုးကို မကြားရဘူးကြောင်း။
ကိုးနှစ်သား၊ ဆယ်နှစ်သား ကလေးများမှာ သန်းခေါင်ကျော် သုံးချက်
တီးအချိန်လောက်တွင် အိပ်ရာမှ ဆွဲထုတ်ခံကြရကြောင်း။ ၎င်းတို့မှာ
ညဉ့်ဆယ်နာရီမှ ဆယ့်နှစ်နာရီအထိ အလုပ်လုပ်ကြရကြောင်း။ အခမှာ
မသေရုံစားရသော အခဖြစ်ကြောင်း။ မျက်နှာကလေးတွေမှာ သွေး
မရှိ ဖြူရော်လျက် ကြုံလှီ၍နေကြောင်း။ ၎င်းတို့၏ အိပ်ရာများမှာ
လွန်စွာ ကျဉ်းမြောင်းစုတ်ပေ၍ နေကြောင်း။

အောက်ပါအကြောင်းတစ်ခုမှာ မီးရထားအလုပ်သမား သုံး
ယောက်နှင့် ပတ်သက်၏။ ၎င်းတို့မှာ တစ်ရက်လျှင် နာရီပေါင်း
နှစ်ဆယ် မရပ်မနား ငါးနှစ်ကျော်ကျော် အလုပ်လုပ်ခဲ့ရသည့်အတွက်
မျက်လုံးများ မမြင်၊ ဦးခေါင်းလည်း ဝေသဖြင့် မီးရထားအလုပ်မှာ
သတိညဏ်လစ်သဖြင့် မီးရထားမှောက်ရာ လူပေါင်းတစ်ရာကျော်
သေသောကြောင့် လန်ဒန်ကော်ရော်နာ၏ ရုံး ဂျူရီလူကြီးများ၏
ရှေ့သို့ ရောက်၍နေကြလေသည်။ ၎င်းတို့မှာ အလံပြသမား၊ စက်
မောင်းသမား၊ ဂါတ်ဗိုလ်များ ဖြစ်ကြလေသည်။ ၎င်းတို့ လူသေမှုနှင့်
ရုံးကိုတင်ဖို့ အမိန့်ကျ၏။ ဂျူရီလူကြီးများက ထိုမျှလောက်ခိုင်းဖို့
မတော်ကြောင်း ပြောရုံသာ ပြောနိုင်ကြလေသည်။

ဆင္ဌမမြောက် အက်ဒွက်ဘုရင်သည် နန်းတက်ပြီး ပထမနှစ်၌
အမိန့်ထုတ်သည်မှာ အလုပ်မလုပ်ဘဲ ငြင်းဆန်နေသော အလုပ်သမား
များကို ကျွန်အဖြစ်နှင့် ခိုင်းရမည်။ ကျွန်ပိုင်ရှင်ကား ၎င်းတို့ အလုပ်
မလုပ်ဘဲ ငြင်းဆန်ကြောင်း တိုင်ကြားလာသူ ကိုယ်တိုင် ဖြစ်စေရမည်။
၎င်းကျွန်ကို ပေါင်မုန့်နှင့် ရေသာ စားသောက်ရန် ပေးရမည်။ အမဲ
သား၊ ငါးစွပ်ပြုတ်မှာ အညံ့ဆုံးဖြစ်စေရမည်။ ၎င်းအား သံကြိုးတပ်
ပြီး ကျာပွတ်နှင့်ရိုက်ကာ အဘယ်အလုပ်မျိုးမဆို ခိုင်းနိုင်သည်။
ထိုကျွန်သည် တနင်္ဂနွေနှစ်ပတ် အလုပ်လာ၍မလုပ်က တစ်သက်လုံး

mgyoe.com

mgyoe.com


ကျွန်စာရင်း သွင်းရမည်။ နဖူး၌ဖြစ်စေ၊ ကျော၌ဖြစ်စေ ကျွန်ဟူသော စာလုံးကို သံပူနှင့် နှိပ်ကပ်ရမည်။ သုံးကြိမ်ထွက်၍ပြေးလျှင် သတ်ရမည်။

ပိုင်ရှင်သည် ၎င်းကို ကျွဲ၊ နွားလို ရောင်းနိုင်၊ ငှားနိုင်၏။ အမွေအဖြစ် ပေးအပ်နိုင်သည်။ သခင်ကို ရန်ရှာလျှင်လည်း သတ်ပစ်နိုင်သည်။ တရားသူကြီးများကို တိုင်လျှင် ၎င်းတို့က လူဆိုးအဖြစ်နှင့် လိုက်လံဖမ်းရမည်။ သုံးရက်အလုပ်မလုပ်ဘဲနေလျှင် နဖူးမှာ သံပူတံဆိပ်ခတ်နှိပ်၍ သံကြိုးတပ်ပြီး ၎င်း၏ အရပ်ချက်မြှုပ်နေရာမှာ လမ်း၌ အလုပ်လုပ်စေရမည်။ ချက်မြှုပ်ဒေသကို မဟုတ်မမှန်ပြောလျှင် ၎င်း မဟုတ်မမှန်သောအရပ်၌ တစ်စုံတစ်ယောက်အား ကျွန်အဖြစ်နှင့် သံပူတံဆိပ် ကပ်နှိပ်ပြီး ခိုင်းစေရန် ပေးအပ်ရမည်။ သို့မဟုတ် ထိုအရပ်ကော်ပိုရေးရှင်းအဖွဲ့ကို ပေးအပ်ရမည်။ အလုပ်မလုပ် လေလွင့်သူများ၏ ကလေးများကို မည်သူမဆို ယူ၍ ခိုင်းစေနိုင်သည်။ ယောကျ်ားလေးဖြစ်က အသက် ၂၄ နှစ်အထိ၊ မိန်းကလေးဖြစ်က အသက် ၂၀ အထိ ခိုင်းနိုင်သည်။ ထွက်ပြေးလျှင် ၎င်းတို့ကိုလည်း ထိုအရွယ်များအထိ ကျွန်အဖြစ်နှင့် သံပူတံဆိပ် ခပ်နှိပ်၊ ရိုက်နှက်၊ စေခိုင်းနိုင်၏။ ကျွန်များ၏ လည်ပင်း၌ဖြစ်စေ၊ လက်၌ဖြစ်စေ၊ ခြေ၌ဖြစ်စေ၊ သိသာလွယ်အောင် သံကွင်းများ တပ်နိုင်သည်။ ဤကဲ့သို့သော ကျွန်များသည် အင်္ဂလန်ပြည်၌ လွန်ခဲ့သော အနှစ်တစ်ရာ အခါသို့တိုင်အောင် ရှိခဲ့ကြလေသည်။ ဤသည်လည်း ကက်ပီတယ် ကျမ်းကြီး၌ ပါသော အကြောင်းအရာတစ်ခု ဖြစ်လေသည်။

အခြားအကြောင်းအရာတစ်ခုမှာလည်း ၁၈၆၃ ခုနှစ်၊ ဇွန်လတွင် လန်ဒန်သတင်းစာအားလုံးမှာ တွေ့ရှိသော အကြောင်းအရာတစ်ခုဖြစ်၏။ ထိုအကြောင်းသည်ကား အသက် ၂၀ အရွယ် မိန်းကလေးတစ်ယောက် အလုပ်တိုက်တစ်ခု၌ အလုပ်ပန်း၍ သေသောသတင်းဖြစ်လေသည်။ ထိုကက်ပီတယ်ကျမ်းကြီး၌ မာ့ခ်စ်သည် မိမိ၏

mgyoe.com

mgyoe.com


နောက်ပါတပည့်များ ဆိုရှယ်လစ်ဝါဒ၌ စိတ်ပါဝင်စားအောင် ထိုကဲ့သို့သော အဖြစ်အပျက်တွေကို မြောက်မြားစွာ ရေးသား ဖော်ပြလေသည်။ ထိုနည်းဖြင့် မာ့ခ်စ်သည် ကမ္ဘာပေါ်ရှိ အလုပ်သမား များကို ပေါင်းစုထကြွအောင် လှုံ့ဆော်ခဲ့လေသည်။

မာ့ခ်စ်၏ အလုပ်နှင့်ပတ်သက်၍ မေးခွန်းနှစ်ခု ထွက်ပေါ်၏။ ထိုနှစ်ချက်ကား– (၁) ရာဇဝင်ဖြစ်ပေါ်ခြင်းနှင့် ပတ်သက်၍ ၎င်း၏ အယူ မှန်ပါ၏လား။ (၂) ဆိုရှယ်လစ်ဝါဒသည် ကောင်းပါမည်လား ဟူသော အချက်နှစ်ချက်ဖြစ်လေသည်။

မာ့ခ်စ်၏ အယူမှာ ဆိုရှယ်လစ်အခြေအနေသည် မရောက် မနေရ ရောက်ရမည်ဟူ၍သာ ရှိ၏။ ရောက်လျှင်ကောင်းမည် မကောင်းမည်ဟူ၍ကား ဖော်ပြခြင်းမပြုပေ။ သို့သော်လည်း ထို အခြေအနေရောက်လျှင် ကောင်းလိမ့်မည်ဟူ၍ အားကိုးဖွယ်ရှိလေ သည်။ မာ့ခ်စ်၏ ဆင်ခြေများပင် မှားစေကာမူ ဆိုရှယ်လစ် အခြေ အနေကား ကောင်းမှာပဲဟု ဆိုနိုင်ကောင်း ဆိုနိုင်လိမ့်မည်။ မာ့ခ်စ် ၏ တွေးခေါ်ချက်များမှာကား အချို့ မှားယွင်းကြောင်း သိရလေ သည်။ ၎င်းမှာ အမြင်ဉာဏ် စူးရှထက်မြတ်သူဖြစ်ကြောင်း မငြင်း နိုင်ပေ။ မျိုးချစ်စိတ်၊ မိမိအမျိုးကို အခြားလူမျိုးထက် ပို၍ချစ်သော စိတ် ယုတ်လျော့လိမ့်မည်ဟူသော ၎င်း၏ ထင်မြင်ချက်မှာ မှား၍ နေ၏။ မျိုးချစ်စိတ်သည် ဆိုးဝါးသောစိတ်ဖြစ်သည်ကား မှန်၏။ သို့သော်လည်း ထိုစိတ်သည် မပျောက်မပျက် တိုး၍သာ နေလေသည်။ လူမျိုးမှန်သမျှကို ထောက်ထားခြင်းဖြစ်သည့် (Cosmopolitan) ခေါ် စိတ်သည် မျိုးချစ်စိတ်ကို လွှမ်းမိုးခြင်း မပြုနိုင်သဖြင့် လူမျိုးတွေ တစ်မျိုးကို တစ်မျိုး မယုံသင်္ကာဖြစ်၍နေကြလျက် စစ်မက်တွေကို မြင် ကြရသဖြင့် စိတ်ရောကိုယ်ရော နွမ်းကြလှလေပြီ။

ဘဏ္ဍာရေးနှင့် ပတ်သက်ရာ၌ကား မာ့ခ်စ်သည် အတော် မှန် ၏။ အလုပ်တွေ အသီးသီး ကြီးကျယ်၍ အစိုင်အခဲ၊ အဆောက်အအုံ

mgyoe.com

mgyee.com


ပမာဏမှာ မနော်ပလီခေါ် ကြီးကျယ်သော အခြေသို့ရောက်၍ နေကြလေပြီ။ သို့သော်လည်း အလုပ်ကြီးတွေ တိုး၍ကြီးပြီး အလုပ်ပိုင်ရှင်သူတွေ နည်းပါးဆုတ်ယုတ်လိမ့်မည်ဟူသော စကားမှာ မမှန်ပေ။ အကြောင်းမူကား ထိုအလုပ်ကြီးများ၌ ရှယ်ယာဝင်သူတို့၏ အရေအတွက်သည် များပြားတိုးတက်၍နေရာ ၎င်းတို့ပင်လျှင် အလုပ်ပိုင်ရှင်တွေ ဖြစ်ကြလေသည်။ ၎င်းတို့ပင် ငွေရှင်တွေ ဖြစ်ကြသည် မဟုတ်ပါလော။ သို့ဖြစ်လေရာ ငွေရှင်တွေ မဆုတ်မယုတ် တိုးတက် များပြားလျက်ပင်ဟု ဆိုရပေမည်။

ထို့ပြင်မှတစ်ပါးလည်း အလုပ်ကြီးတွေ တိုး၍ ကြီးသော်လည်း အလတ်စား ငွေရှင်တို့၏ အလုပ်တိုက်တွေမှာလည်း မလျော့၊ တိုးလျက်နေသည်ပင်။ အလုပ်သမား အခစားများမှာလည်း မာ့ခ်စ်တွေးခေါ်သလောက် မဆင်းရဲကြပေ။ ကမ္ဘာပေါ်၌ ပစ္စည်းဥစ္စာ တိုးတက်သလောက် ၎င်းတို့၏ အခြေအနေသည်လည်း တိုးတက်၏။ ငွေရှင်များလောက်ကား မကြီးကျယ်ကြပေ။ တိုးတက်လျက်ရှိသော တိုင်းပြည်များ၌ အလုပ်သမားများ၏ အခသည် ဒေါက်တာဘမော်ကိုးကွယ်သော မာ့ခ်စ် မှတ်ထင်သလောက် မညံ့သည့်အတွက် အလုပ်ကို ပေးကြပါ ဟူ၍ပင် တောင်းပန်၍ နေကြလေပြီ။ လေဘာအခစားသည် ငွေရှင်ကို မာ့ခ်စ် မုန်းစေချင်သလောက် မမုန်းကြ ပေ။ အမေရိကန်နိုင်ငံ၌ အနိမ့်ဆုံးသော အလုပ်သမားသော်မှ တစ်နေ့ သဉ္ဇ ဘူဇွာဖေးအဖြစ်ကို ရမည်ဟု မျှော်လင့်နိုင်၏။ ဘူဇွာဖေးသည် ငွေရှင်အဖြစ်သို့ ရောက်သူများပင် ဖြစ်လေသည်။ မာ့ခ်စ်သည် ယခုခေတ်နှင့်ဆိုင်သော (Efficiency) နည်းစနစ်များ၊ ယခုခေတ် ငွေရှင်များ၏ စိတ်နေသဘောထားပုံ၊ အဆင့်အတန်း လိမ္မာပုံ၊ အဆင့်အတန်း မြော်မြင်ပုံ၊ အဆင့်အတန်းကို မမီမရောက်၊ ညံ့ဖျင်းသော ငွေရှင်တို့၏ ခေတ်ကိုသာ ကြည့်၍ဟောခဲ့သူဖြစ်ရာ ယခု အခြေအနေများကို လာ၍မြင်လျှင် ငါ အပင်ပန်းခံခဲ့သည်မှာ အကျိုးများလေစွ

mgyee.com

mgyoe.com


ဟု အောက်မေ့ကာ ဝမ်းသာလိမ့်မည်။ အကြောင်းမူကား ယခုခေတ်ကာလ အလုပ်သမားတို့၏ အခြေအနေ တိုးတက်ခြင်းမှာ ၎င်း၏ ကျေးဇူးနှင့် မကင်းဟု ပြောဖွယ်ရာ ရှိလေသည် ကျွန်ုပ်ဆို၏။

သို့သော်လည်း ဥရောပတိုက်၏ အဆင့်အတန်းကို မရောက်သေးသော အရှေ့တိုင်းသား၊ အလုပ်သမားများမှာကား အကျိုး မခံစားကြရသေးပေ။ အကြောင်းမူကား ဥရောပတိုက်သား ငွေရှင်များ၏ စိတ်၌ အရှေ့တိုင်းသားများကို ကျွန်ကဲ့သို့ ခိုင်းစေလိုက ခိုင်းစေပိုင်သော အခွင့်အရေးသည် မိမိတို့မှာရှိသည်။ ထိုအခွင့်အရေးကို ထာဝရဘုရားသခင်ပေး၍ ထားသည်ဟု စွဲမှတ်၍ ထားကြကြောင်း သိရလေသည်။ ကျွန်ုပ်တို့ကို (Inferior races) အောက်တန်းစား လူမျိုးများဟု ခေါ်ကြလေသည်။

ထို့ပြင် အမေရိက၊ ဥရောပတိုက်များ၌လည်းကောင်း၊ ဂျပန်နိုင်ငံ၌လည်းကောင်း၊ တစ်စိတ်တစ်ဒေသအားဖြင့် အိန္ဒိယနိုင်ငံ၌လည်းကောင်း ကျွမ်းကျင်သော အခစား အလုပ်သမားများနှင့် မတူကြပေ။ ၎င်းတို့သည် ငွေရှင်ဘက်ကိုလည်း လိုက်နိုင်၏။ မကျင်လည်သူ၊ အောက်တန်းစား အလုပ်သမားများဘက်ကိုလည်း လိုက်နိုင်လေရာ ၎င်းတို့မှာ အလုပ်သမား မင်းသားထိပ်တင်တွေ ဖြစ်ကြလေသည်။ ၎င်းတို့အထဲ၌ ငွေရှင်အငယ်စားဖြစ်၍ နေသူတွေ ရှိကြ၏။ သို့မဟုတ် ၎င်းတို့၏ အသင်းအဖွဲ့များ၏ အင်အားကြောင့် ငွေရှင်အငယ်စားများကဲ့သို့ ဖြစ်၍ နေကြလေသည်။

သို့ဖြစ်လေရာ ငွေရှင်နှင့် အခစား၊ ဆီနှင့်ရေ ခြားသကဲ့သို့ ခြားနားသည်ဟူသော မာ့ခ်စ်၏ အယူသည် လွဲ၍ နေလေသည်။ ဆင်းရဲသူနှင့် ချမ်းသာသူ စပ်ကြားမှာ အဆင့်အတန်း အစားစားတွေ ရှိကြလေသည်။ မည်သူက ဆင်းရဲသား၊ မည်သူက လူချမ်းသာဟု တထစ်ချ လက်ညှိုးထိုး၍ ပြရန် ခက်လေသည်။ အနေစုတ်လျက် ငွေထုပ်ကြီးနှင့် လူမျိုးတွေလည်း ရှိကြ၏။ အနေပြောင်လျက်

mgyoe.com

အရောင်သာ ရှိသူတွေက ပို၍ပင် များ၍နေပြန်လေသည်။

မာ့ခ်စ်သည် တဖြည်းဖြည်း ပြောင်းလဲခြင်းကို မယုံ။ တစ်ခါတည်း အကုန်အစင် အသစ်လဲနိုင်ရမည်ဟု အယူရှိ၏။ ဂျာမနီပြည်သည် မာ့ခ်စ်ကို ကိုးကွယ်သော ပြည်ဖြစ်၏။ သို့ဖြစ်လေရာ (Social Democrat Party) ခေါ် ဆိုရှယ်ပါတီပင် ပေါ်ပေါက်ခဲ့၏။ သို့သော်လည်း စစ်ကြီးမဖြစ်မီ၌ လွန်စွာ ကြွယ်ဝ၍လာသောကြောင့် မာ့ခ်စ်၏ ဝါဒများကို အကုန်မလိုက်ဘဲ ထပ်မံစစ်ဆေးကာ (Revolution) နည်းအစား တဖြည်းဖြည်း ပြောင်းလဲခြင်းဖြစ်သော (Evolution) နည်းကို ဂျာမန်ဆိုရှယ်လစ်များ အတည်ပြုကြရလေသည်။ ကက်ပီတယ်ကျမ်းကြီးကို လွန်စွာ သဘောကျသော တိုင်းပြည်မှာ ဤသို့ပင်။

အင်္ဂလန်ပြည်၌ ကြာမြင့်စွာ နေခဲ့ဖူးသော ဘင်စတိန်းခေါ် ဂျာမန်တစ်ယောက်က မာ့ခ်စ်၏ ဝါဒကို ထပ်မံစစ်ဆေးသော Revisionist ခေါ် အလုပ်ကို အစပြု၍ လုပ်ခဲ့လေသည်။

၎င်းစီရင်သော Evolutionary Socialism ခေါ် တဖြည်းဖြည်း ပြောင်းလဲတိုးတက်သော ဆိုရှယ်လစ်ဆင်းရဲသားဝါဒ ခေါ်သော ကျမ်း၌ မာ့ခ်စ်၏ ဝါဒ၌ အပြစ်များကို ဖော်ပြ၍ထားလေသည်။

မာ့ခ်စ်သည် ကျွန်ုပ်တို့နှင့်စာသော် ရှေးပညာရှိဖြစ်၏။ ရှေးပညာရှိ၏ စကားများသည် ယခုကာလမှာ အကုန်အစင် မမှန်နိုင်ပေ။ သို့သော်လည်း မာ့ခ်စ်မို့သာ ဤမျှလောက် မှန်သေး၏ဟု ဆိုရပေမည်။ သို့ပါလျက် ယခုလူများ၊ ယခုကာလ ခေါင်းဆောင်များသည် မာ့ခ်စ်ရေးသော စာကိုသာ ဖတ်ပြီး ပရမတ္ထသဘောတရားကဲ့သို့ စွဲမှတ်ယုံကြည်ကာ လုပ်လျှင်ဖြစ်မည်ဟု မှတ်ထင်ကြချေက မှားကြပေမည်။

ဘင်စတိန်း၏ ကျမ်း၌ ဆိုရှယ်လစ်ဝါဒကို စတင်တည်ထောင်သူများသည် မိမိတို့၏ဝါဒကို မိမိတို့နောက်ပါတပည့်များလောက်

mgyoe.com


သေချာစွာ မလိုက်နာဟု ပါရှိလေသည်။ မာ့ခ်စ်နှင့် အင်ဂျယ်၏ ဝါဒ၌ ၎င်းတို့၏ တပည့်များ၏ Orthodox ဝါဒနှင့် စပ်ဟပ်၍ မရသော အချက်တွေ များစွာ ပါဝင်၍ နေလေသည်။ ၁၉၁၄ ခုနှစ်၌ ဘင်စတိန်းသည် ဘူဒါပက်မြို့၌ ပြောဟောရာတွင် အချို့သော နေရာဌာနများမှ မိမိ နှုတ်ထွက်ကြောင်း ထုတ်ဖော်ပြောဆိုလေသည်။ ဘင်စတိန်းသည် ဆိုရှယ်လစ်အခြေအနေကို တထစ်စီရအောင် လုပ်ဖို့ ဝါဒဖြစ်၏။ မာ့ခ်စ်နှင့် အင်ဂျယ်ကဲ့သို့ တစ်ခါတည်း ရအောင် မလုပ်နိုင်ဟု ဆိုလေသည်။ မာ့ခ်စ်က အလုပ်သမားများမှာ တိုင်းပြည် မရှိဟု ပြော၏။ ဘင်စတိန်းက အလုပ်သမားများသည် ပြည်သူ၏ အခြေအနေကို ရသည်နှင့်တစ်ပြိုင်နက် တိုင်းပြည်ရှိသူများ ဖြစ်ကြလေသည်။ တိုင်းပြည်ဆိုသည်မှာ ကိုယ့်တိုင်းပြည်ဟု ဆိုလို၏။ သို့သော်လည်း ပူအိုက်သော တိုင်းပြည်များမှာ အောက်တန်းစားများ ဖြစ်ကြသောကြောင့် ဆိုရှယ်လစ်များသည် ထိုတိုင်းပြည်များ၏ နယ်မြေများကို ရယူပိုင်ခွင့်ရှိသည်ဟု ဆို၏။ ဤအချက်သည် ဥရောပ တိုင်းသားဟူသမျှ၏ ဆိုးဝါးသော မှားပုံတော်ကြီးတစ်ခု ဖြစ်လေသည်။ ယုတ်နိမ့်သော တိရစ္ဆာန်၊ ကျွဲနွားကိုပင် လူများ အစမှ ဖမ်းယူနိုင်စေခြင်း မပြုအပ်ပေ။ အနိုင်ကျင့်ခြင်းကိုသာ ၎င်းသတ္တဝါတွေမှာ မတရား ခံ၍နေကြရခြင်း ဖြစ်လေသည်။ ဤဝါဒများသည် ဆိုရှယ်လစ်စိတ်အားထက်သန်ခြင်းကို လျော့စေ၏။

ဘင်စတိန်း၏ ပညာ၊ အမြော်အမြင်ရှိသော စကားတစ်ခုမှာ အလုပ်သမားများသည် ကွန်မြူနစ် ကြေညာစာတမ်း၌ ပါရှိသကဲ့သို့ လူမွဲတွေချည်းလည်းမဟုတ်။ ၎င်းတို့မှာ ထိုကြေညာစာ၌ ပါသကဲ့သို့ အပြစ်ကင်းသူများလည်း မဟုတ်ကြပေဟူသော စကားဖြစ်လေသည်။ ဘင်စတိန်းက ဆိုရှယ်လစ်ဝါဒရင်းမှာ အတွင်းမှစ၍ ဆွေးမည်ဟု ပြော၏။ Syndicalism ဆင်ဒီကယ်လစ်ဇင်းခေါ် ဆိုရှယ်လစ်ဝါဒက မူလဆိုရှယ်လစ်ဝါဒရင်းကို အပြင်ကနေ၍ တိုက်ခိုက်လေသည်။

mgyoe.com

mgyoe.com


၎င်း ဆင်ဒီကယ်လစ်ဇင်းဝါဒသည် ဆိုရှယ်လစ်ဝါဒရင်းထက်ပင် ပြောင်းလဲဟန် အရင်းကျ၏။ အမြစ်က ဖြို၍ ပြောင်းလဲချင်သော Radical ခေါ် ဆိုရှယ်လစ်ဝါဒတစ်မျိုးဖြစ်၏။ ၎င်းဝါဒသမားများသည် မာ့ခ်စ်ထက်ပင် အယူသီးကြလေသည်။

မာ့ခ်စ်၏ ဝါဒကို ဆင်ဒီကယ်လစ်ဝါဒက အဘယ်ပုံ သဘောထားသည်ကို Sorel ခေါ် သူ၏ကျမ်း၌ တွေ့ရှိရ၏။ ထိုကျမ်းကား La Decomposition Du Marxisme ခေါ်သော ကျမ်းဖြစ်၏။ သာ၍ကြီးသော ၎င်း၏အခြားကျမ်းတစ်ခုလည်း ပါ၏။ ထိုကျမ်းကား Reflections of Violence ဟု ခေါ်၏။ ထိုကျမ်း၌ မာ့ခ်စ်အား ဘင်စတိန်းက အပြစ်ဆိုသည်ကို သဘောကျပုံရေးပြီး အခြားထင်မြင်ချက်များကို ပေး၏ ၎င်း၏စကားများ၌ မာ့ခ်စ်၏ ဘောဂဗေဒ (Economy) သဘောများအနက် မှားသောအချက်တွေကို ယခု တွေ့ရှိရပါကြောင်း ပါရှိလေသည်။

Sorel ၏ အလိုအရ မာ့ခ်စ်၏ ဝါဒ၌ အရေးအကြီးဆုံးသော အချက်သည် ငွေရှင်များနှင့် အလုပ်သမားများ၏ စစ်ရေးဖြစ်လေသည်။ ထိုဝါဒကို ပိုက်ယူ၍ ထားသမျှသော သူများသည် ဆိုရှယ်လစ်ဝါဒကို မကွယ် မပျက်အောင် သိမ်းယူသူများ ဖြစ်ကြလေသည်။ ထိုစစ်ကို Class War ဟု ခေါ်၏။ ၎င်းစစ်နှင့် ပတ်သက်၍ ပြင်သစ် Synoticalist ခေါ် ဆိုရှယ်လစ်ဂိုဏ်းသားများက မာ့ခ်စ်ကို အပြစ်ဆိုကြလေသည်။ ၎င်းတို့၏ အပြစ်ဆိုခြင်းမှာ သာ၍လေးနက်လေသည်။ ရာဇဝင်နှင့် ပတ်သက်သော မာ့ခ်စ်၏ စကားများမှာ အနည်းအများ မှားနိုင်၏။ သို့သော်လည်း ၎င်း၏ စီးပွားရေး၊ နိုင်ငံရေးစနစ်မှာ ဖြစ်နိုင်လျှင် ကောင်းမည်ဟု ဆိုစရာအချက်တွေ ရှိလေသည်။

ဆင်ဒီကယ်လစ်များသည်ကား မာ့ခ်စ်၏ ဝါဒ၌ ရည်ရွယ်ချက်ရော၊ နည်းစနစ်ရော အပြစ်ဆိုကြလေသည်။ မာ့ခ်စ်၏ ထင်မြင်ချက်များသည် ဒီမိုကရေစီမပေါ်သေးမီက ထင်မြင်ချက်များဖြစ်၏။

mgyoe.com

mgyoe.com


ကက်ပီတယ်ခေါ် မာ့ခ်စ်၏ ကျမ်းကြီး ထွက်ပေါ်သောနှစ်၌ အင်္ဂလန်ပြည်၌ မြို့အလုပ်သမားတွေ မဲဆန္ဒပေးခွင့်ကို ပထမ စ၍ ရကြ၏။ ဂျာမနီပြည်မြောက်ပိုင်း၌ မဲဆန္ဒပေးခွင့်ကို အကုန်အစင်ရကြ၏။ ထိုအခါ ဂျာမနီ အမတ်ချုပ်ကြီးမှာ ဘစ်စမတ် ဖြစ်လေသည်။ ထိုအခါ၌ ဒီမိုကရေစီကို အများကြီး အားထားကြ၏။ အားထားကြပေမှာပဲ။ မာ့ခ်စ်၏ အယူတစ်ခုမှာ လူတို့၏ ထင်မြင်ချက်သည် ကိုယ်ကျိုးစီးပွားနှင့်လည်းကောင်း၊ ကိုယ့်အစည်းအရုံး၊ အစုအဝေး၏ အကျိုးစီးပွားနှင့်လည်းကောင်း ပတ်သက်သော စီးပွားရေးအခြေအနေ အားလျော်စွာဖြစ်ရမည်ဟူသော အယူဖြစ်၏။ အဓိပ္ပာယ်ကား စီးပွားရေးအခြေအနေ၌ ကိုယ်ကျိုးစီးပွားနှင့် ပတ်သက်ရာမှာ ထင်မြင်ချက် တစ်မျိုး၊ ကိုယ်နှင့် ဖိလာဖြစ်သူတို့၏ အကျိုးစီးပွားနှင့် ပတ်သက်ရာ၌ ထင်မြင်ချက်တစ်မျိုး ထားတတ်ကြသည်ဟူလို။ ဒီမိုကရေစီစနစ်ကို ကြာကြာစမ်းသပ်ခဲ့သောအခါ၌ ဂျာမနီအမတ်ချုပ်ကြီး ဘစ်စမတ်နှင့် အင်္ဂလန်အမတ်ချုပ်ကြီး ဒစ်စရယ်လီသည် လူတို့၏စိတ်အကြောင်းကို ဆိုရှယ်လစ်များ၊ လစ်ဘရယ်ပါတီသားများထက် ပို၍သိကြောင်း ထင်ရှား၏။ (လစ်ဘရယ်ပါတီသည် ဆိုရှယ်လစ် Left-wing ကဲ့သို့ အင်္ဂလန်မှာ ဖြစ်ခဲ့ဖူးလေသည်။)

လွတ်လပ်ခြင်းကို ရဖို့အရေးအတွက် State ခေါ် အစိုးရကိုလည်း စိတ်မချရ၊ ပါတီများကိုလည်း စိတ်မချရပေ။ အကြောင်းမူကား State ခေါ် အစိုးရကို ပြည်သူ့အသုံးတော်ခံဖြစ်အောင် ထိထိရောက်ရောက် မပြုနိုင်ကြပေ။ State ဆိုသည်မှာ ပြည်ပိုင် အစိုးရဖြစ်၏။ ပြည်ကိုပိုင်သော အစိုးရမဟုတ်။ ပြည်ကပိုင်သော အစိုးရဖြစ်လေသည်။ ပြည်သူများ၏ ကိုယ်စားလှယ်အစိုးရ၊ ထိုအစိုးရကို တည်ထောင်သော ပြည်သူ။ ထိုစကားကို တစ်လုံးချင်း မြန်မာပြန်ဆိုရန်ခက်၏။ Sovrel ၏ အလိုအရ State ဆိုသည်မှာ အခွင့်တရားနှင့်အခြား လူသိ လူတတ်များ၏ရန်ကို ခုခံကွယ်ကာရန်၊ နိုင်ငံရေး

mgyoe.com

mgyoe.com

နည်းလမ်းများနှင့် အခွင့်တရားများကို ရရှိသော လူသိလူတတ်များ၏ အစုအဝေးကို ဆိုလို၏။ (အကြောင်းမူကား ထိုအခွင့်တရား၊ ထို ခုခံရေးနည်းလမ်းများကို အတိုက်အခံပြု၍ လုရ၍၊ ပြိုင်၍ရအောင် ယူကြရလေသည်။) ပါတီများသည် ထို State အလုပ်များကို ရအောင်လုဖို့ ဖွဲ့စည်းသော အစုအဝေးများ ဖြစ်ကြလေသည်။ သို့ဖြစ်သောကြောင့် ပါတီများသည် State နှင့် တူကြလေသည်။

ဤအချက်ကို ထပ်လောင်း ရှင်းလင်းပြရန်ကား လူသည် မိမိနှင့် မိမိ၏ အသင်းအဖွဲ့၏အကျိုးကို လိုလား ဂရုစိုက်ကြခြင်း၊ ထိုအကြောင်းကို မှာခ်စ်သာ သိသည်မဟုတ်၊ အဲဒီဆိုပါ အမတ်ကြီးနှစ်ပါးလည်း သိကြောင်း။ သို့အတွက် ပါတီအုပ်ချုပ်ရေးဖြစ်သော ဒီမိုကရေစီအုပ်ချုပ်ရေးကို ထိုအမတ်ကြီးများ အားပေးကြောင်း။ အကြောင်းမူကား ပါတီများရော၊ စတိတ်များရော၊ မိမိတို့နှင့် မိမိတို့၏ အဖွဲ့ကိုသာ ဂရုစိုက်တတ်သဖြင့် လွတ်မြောက်ရေးကို ပေါက်ရောက်အောင် မလုပ်နိုင်ကြဟု သိမြင်ကြောင်း ဆိုလို၏။

ထိုတိုင်းပြည်များ၌ လွတ်လပ်ခြင်းဆိုသည်မှာ ဖိစီးခြင်းခံရသော ဆင်းရဲသားများ၏ လွတ်မြောက်ရေးကို ဆိုလို၏။ ကျွန်ုပ်တို့ ကြံရွယ်သော လွတ်မြောက်ရေးမျိုး မဟုတ်ပေ။ သို့ဖြစ်လေရာ မြန်မာပြည်ပါတီများနှင့် မြန်မာ State အစိုးရအဖွဲ့ကို အဘယ်နည်းနှင့် အားကိုးရာ မည်ပါမည်နည်း။ ပေါ်လစ်တစ် လူတတ်ကြီးတစ်ယောက်လုပ်ကာ မြန်မာပြည်၌ အယ်ဒီတာအဖွဲ့ကို ပညာရှိ လူတတ်လေသံကြီးများနှင့် အပြစ်ဆို၍နေသော နိုင်ငံရေးအလံရှူးတို့သည် ထိုအခန်းကို ထပ်ခါ ထပ်ခါ ဖတ်သင့်ကြ၏။ နားမလည်လျှင် ကျွန်ုပ်၏ အပြစ်မဟုတ်ပေ။

ဆင်ဒီကယ်လစ် ခေါ် ဆိုရှယ်လစ်များမှာ လူများလို ပါတီမဖွဲ့။ အလုပ်ဖြင့် အစည်းအရုံးဖွဲ့ကြ၏။ ဤနည်းမှသာ Class War ၏ နည်းစနစ်ဖြစ်သည်ဟု အယူရှိကြ၏။ ၎င်းဆိုရှယ်လစ်များသည်

mgyoe.com

mgyoe.com


ပါလီမန်နည်းစနစ်အရ အစိုးရကို အားကိုး၍ လုပ်သော နည်းလမ်းကို ရှုတ်ချကြ၏။ ရွေးကောက်ခြင်း အလုပ်ကိုလည်း အလိုမရှိကြပေ။ ၎င်းတို့လိုလားသော နည်းလမ်းကား Trade Unions များ သို့မဟုတ်၊ သူပုန်ဆင်ဒီကိတ်အဖွဲ့များနှင့် လုပ်ကိုင်နည်းဖြစ်၏။ ပါလီမန်စနစ်နှင့် ဆန့်ကျင်သော အလုပ်သမား စစ်သံသည် အခြားပြည်များသို့လည်း ပျံ့နှံ့၍နေ၏။ အမေရိကန်ကိုလည်း ရောက်၏။ အင်္ဂလန်ပြည် Industrial Unionists ခေါ် အဖွဲ့များ၊ Guild Socialists ခေါ် အဖွဲ့များသို့လည်း ထိုအသံ ကူးစက်၍နေ၏။ သို့သော်လည်း ထိုနည်းကို လိုက်သူတို့မှာ မာ့ခ်စ်၏ ရည်ရွယ်ချက်နှင့်မတူ။ ရည်ရွယ်ချက် အမျိုးမျိုး ထားရှိကြလေသည်။

၎င်းတို့၏ ထင်မြင်ချက်ကား အစိုးရသည် ဆိုရှယ်လစ်ပင် ဖြစ်စေကာမူ တန်ခိုးကြီးသည့်အခါ လွတ်လပ်ခြင်းကို ပေးမည်မဟုတ် ဟူသော ထင်မြင်ချက်ဖြစ်၏။ အချို့တို့ကား အစိုးရကို လုံးလုံးမရှိစေလိုသော အနာကစ် Anarchist များ ဖြစ်ကြလေသည်။ အချို့ကား အစိုးရ၏ အာဏာအချို့ကိုသာ ဖျက်ဆီးလိုသော ဆန္ဒရှိကြ၏။ ဤအလုပ်သည် အစ ကနဦးကပင် မာ့ခ်စ်နှင့် ဆန့်ကျင်ဘက်ဖြစ်ကာ ပေါ်၍လာသဖြင့် များစွာ ခိုင်လုံလေသည်။

☆ ☆ ☆

mgyoe.com

mgyoe.com

# [ ၂ ] ဘာကူမင် နှင့် အနာကီ

လူအများ၏စိတ်၌ အနာကစ်ဆိုသည်မှာ လက်ပစ်ဗုံးနှင့် အစိုးရအရာရှိများ၊ မင်းစိုးရာဇာများကို ပစ်ခတ် သတ်ပုတ်တတ်သော ကြောက်မက်ဖွယ်ကောင်းသော လူမျိုးဟု မှတ်ထင်ကြပေမည်။ ဤအထင်သည် မပြည့်စုံသော အထင်ဖြစ်၏။ အကြောင်းမူကား အချို့ကား ဗုံးကို အသုံးပြု၏။ ဗုံးကို မသုံးသော အနာကစ်များလည်း အများပင် ရှိကြလေသည်။ သို့သော်လည်း ဗုံးကို သုံးသည်ဖြစ်စေ၊ မသုံးသည်ဖြစ်စေ ၎င်းတို့၏ ရည်ရွယ်ချက် အရင်းမှာ လူသတ္တဝါအားလုံး လွတ်မြောက်ချမ်းသာရေးဖြစ်၏။ အပျော်သက်သက် မဟုတ်ပေ။ သင့်လျော်သော အခြေအနေများ၌ကား ဗုံးကို သုံးရန် မည်သူမဆို လိုလားသူများ ဖြစ်လေသည်။ ဥရောပစစ်ကြီးကို အကြောင်းပြုသော ဆရာဂျီဗျိုဗုံးပစ်မှုသည် အနာကစ်လက်ချက်မဟုတ်၊ ဝံသာနု လက်ချက်ဖြစ်လေသည်။ အနာကစ်များသည် Class War ဟူသော ဝါဒကို ယုံကြည်သူများဖြစ်ရာ ၎င်းတို့၏ ဗုံးပစ်ခြင်းသည် စစ်ထဲ၌ အစိုးရများ ဗုံးကြဲခြင်းနှင့် သဘောရင်းမှာ မခြားမနားဖြစ်လေသည်။ ခြားနားခြင်းမှာ အနာကစ်က လူတစ်ယောက်ကို သတ်ရာ၌ အစိုးရစစ်မှာ လူအများကို သတ်ခြင်းဖြစ်လေသည်။ အနာကစ်ဗုံးသမားကို မိလျှင်

mgyoe.com

mgyoe.com


အပြစ်ပေးသည်ကား နိုင်ရာစားနည်းမျှ ဖြစ်လေသည်။ စင်စစ်အား ဖြင့် အစိုးရနှင့် အနာကစ်သည် ဘယ်အခါမှာမဆို၊ အဘယ်မှာမဆို စစ်ဖြစ်၍ နေလေသည်။ သို့ဖြစ်လေရာ အနာကစ်ဗုံးပစ်ခြင်း၏ ပြစ်မှု နှင့် ပတ်သက်၍ စဉ်းစားရန် မလိုပေ။

အနာကစ်ဝါဒမှာ အာဏာပိုင်အစိုးရဟူသမျှကို ဖြိုဖျက်ခြင်း ဖြစ်လေသည်။ အနာကစ်သဘောတူသော အုပ်ချုပ်ခြင်းမှာ အာဏာ ပိုင်မဟုတ်၊ ပြည်သူ့အကြိုက် အုပ်ချုပ်ခြင်း ဖြစ်၏။ ပြည်သူ့အကြိုက် ဆိုသည်မှာ မဂျော်ရစ်တီ မဲဆန္ဒများရာ အစွမ်းဖြင့် ခန့်အပ်ခြင်း ခံရသော အစိုးရကိုသာ ဆိုလိုရင်းမဟုတ်။ ပြည်သူအားလုံး ကျေကျေ နပ်နပ်ဖြစ်သော၊ နူးညံ့သိမ်မွေ့သော အုပ်ချုပ်ခြင်းကို ဆိုလိုရာ ဆင် ဒီကယ်လစ်များ လိုလားသော အာဏာမပိုင်သော အစိုးရပင် ဖြစ်လေ သည်။ ထိုအစိုးရကား ဆင်းရဲသား လေဘာအစိုးရဖြစ်ရပေမည်။ ပုလိပ်များကိုလည်းကောင်း၊ ရာဇဝတ်ဥပဒေကိုလည်းကောင်း အနာ ကစ်များ အလိုမရှိကြပေ။ အကြောင်းမူကား ၎င်းတို့ကို အားကိုးပြု ကာ လူတစ်စုသည် ကြွင်းသော အခြားလူစုများအပေါ်၌ အာဏာပိုင် ဖြစ်ကြလေသည်။

လူနည်းစုများကို လူများစုက လွှမ်းမိုးနိုင်သော အုပ်ချုပ်ခြင်း ဖြစ်ချေကလည်း ဒီမိုကရေစီပင် ဖြစ်စေကာမူ အနာကစ်များ နှစ် သက်နိုင်ကြမည်မဟုတ်။ အနာကစ်ဝါဒ၌ လွတ်လပ်ခြင်းသည် အရေး အကြီးဆုံးဖြစ်လေသည်။ လွတ်လပ်ခြင်းကိုလည်း အာဏာပိုင်အစိုးရ မရှိမှသာ ရနိုင်ဖို့ရှိလေသည်။

ဤအရာ၌ အနာကစ်အယူသည် အသစ်မဟုတ်ပေ။ ခရစ် မပေါ်မီ နှစ်ပေါင်း ၃၀၀ လောက်မှ ပေါ်ရှိခဲ့သော ဆွန်ဇူးခေါ် တရုတ် ပညာရှိတစ်ယောက်သည် အံ့ဖွယ်သော စဉ်းစားဉာဏ်နှင့် အောက်ပါ အတိုင်း ရေးခဲ့လေသည်။

*"မြင်းများမှာ ဆီးနှင်းများထဲ၌ သွားဖို့ရန် ခွာများရှိ၏။*

mgyoe.com

mgyoe.com

လေနှင့် အအေးမှ ကာကွယ်ရန် အမွေးများလည်း ရှိ၏။ မြက်ကို စား၍ ရေကို သောက်ကြ၏။ ကွင်းပြင်များ၌ ခုန်ပေါက်မြူးတူး ကစား၍နေကြ၏။ ဤကား မြင်းများ၏ သဘာဝပေတည်း။

တစ်နေ့သ၌ ပိုလိုက ကျွန်ုပ် မြင်းကို နိုင်သည်ဟု လာ၍ပြော၏။

ထို့နောက် မြင်းများကို အမွေးညှပ်၍ ပေး၏။ သံပူနှင့် အမှတ်ရိုက်၏။ ခွာများကိုလည်း လှီးဖြတ်၊ ပြုပြင်ပေး၏။ အာထောက်များကို တပ်ဆင်၏၊ ဇက်ကြိုး တပ်၏၊ ခြေကြိုးတပ်၏၊ ဖောင်းသွင်း၏။ ထိုနည်းဖြင့် ဆယ်ကောင်လျှင် နှစ်ကောင်၊ သုံးကောင် သေ၏။

ထို့နောက် အသွားသင်၏၊ အပြေးသင်၏။ အစာရေစာ အငတ်ထား၍ ဆုံးမ ပဲ့ပြင်၏။ ကျာပွတ်နှင့် လှန့်၏။ ဇက်ကြိုးတပ်၏။ ဖြီး၍ပေး၏။ ညှပ်၍ပေး၏။ တစ်ဝက် သေကြ၏။

အိုးလုပ်သမားများက မြေကြီးကို ငါထင်သလို လုပ်နိုင်သည်ဟု ပြောလာ၏။ ဝိုင်းစေချင်လျှင် ကွန်ပါကို သုံးသည်။ ထောင့်မတ်ဖြစ်စေလိုလျှင် စကွဲယား၊ စတုရန်းကို သုံးသည်ဟု ဆို၏။

လက်သမားက ငါ သစ်သားကို ထင်သလို လုပ်နိုင်၏ဟု ပြောလာ၏။ ကွေးချင်လျှင် ဖြစ်၏၊ ဆန့်စေလိုလျှင် လွယ်၏ဟု ဆို၏။

သို့သော်လည်း မြေကြီးနှင့် သစ်သားက ထိုကဲ့သို့ ပြုပြင်လုပ်ကိုင်ခြင်းကို သဘောကျပါ၏။ သဘောကျသည်ဟု အဘယ်အတွက် ဆိုနိုင်ပါသနည်း။ သို့သော်လည်း ပိုလို မြင်းကို နိုင်သည်ဟု အမြဲ ချီးမွမ်းကြ၏။ အိုးသမားနှင့်

mgyoe.com


လက်သမားကိုလည်း မြေကြီးနှင့် သစ်သားကို နိုင်သည်ဟု ချီးမွမ်းကြ၏။ အင်ပါယာများကို အုပ်ချုပ်သူများသည်လည်း ထိုအစားမျိုးထဲကဖြစ်ရာ ထိုအမှားမျိုးကို လုပ်၍နေကြလေသည်။

အင်ပါယာအုပ်ချုပ်သူတို့ ကျွန်ုပ် တစ်မျိုးသဘောရ၏။

လူများမှာ အလိုအလျောက် မိမိတို့ သဘောသဘာဝအတိုင်း နေထိုင်တတ်သော သတ္တိတစ်မျိုးရှိ၏။ အဝတ်အစားကို မိမိတို့ဘာသာ ရက်လုပ် ဝတ်ဆင် စားသောက်တတ်ကြ၏။ ထိုသတ္တိများကို အားလုံး ရရှိကြ၏။ ထိုအရာများနှင့် ပတ်သက်၍ သဘောချင်းတူညီကြ၏။ ထိုသတ္တိများသည် ရှိရင်း ပင်ကိုသတ္တိများ ဖြစ်ကြ၏။

ထိုကဲ့သို့ မိမိဘာသာ နေကြစဉ်က အေးအေးဆေးဆေး ငြိမ်သက်စွာ တောတောင်ကို ရှု၍နေကြ၏။ ထိုအခါ၌ တောင်များပေါ်မှာ လမ်းမရှိ၊ မြစ်ချောင်းများ၌ လှေငယ်တက်စင်းမရှိ၊ တံတားများလည်းမရှိခဲ့ပေ။ လိုသမျှ ရကြ၏။ ငှက်တွေ၊ သားတိရစ္ဆာန်တွေ ပေါများ၏။ သစ်ပင်ကြီးငယ်တွေလည်း အလိုလို မြောက်မြားစွာ ရှိကြ၏။ တိရစ္ဆာန်များကို လက်နှင့်ကိုင်၍ ခေါ်ယူနိုင်၏။ သစ်ပင်ထက်သို့တက်ကာ ကျီးသိုက်အတွင်းကို ငုံ့၍ကြည့်နိုင်၏။ ထိုအခါက လူသည် သားတိရစ္ဆာန်တွေ၊ ငှက်တွေနှင့် အတူ နေကြ၏။ လောကဓာတ်တစ်ခုလုံးမှာ အစုအဝေး တသင်းတစ်ဖွဲ့တည်းဖြစ်၍နေ၏။ လူဆိုးလူကောင်း မခြားမနား။ မည်သူမျှလည်း ပညာမရှိ။ သို့ဖြစ်သောကြောင့် ကောင်းသောစိတ်ထား မပျက်မပြား။ မည်သူ့မှာမျှလည်း ဆိုးညစ်သော စိတ်မရှိ။ အလိုလို ရိုး၍နေကြ၏။ ထိုအခါသည်ကား လူ၏ အမြတ်ဆုံးသော အဖြစ်ပေတည်း။

mgyoe.com

mgyde.com


*ထို့နောက် ပညာရှိတွေ ပေါ်၍လာ၏။ လူတွေကို သူက ပေးကမ်းခြင်း၊ ကောင်းမှုပြုခြင်းအတတ်များကို သင်ပေး၏။ တစ်ယောက်ကိုတစ်ယောက် ဝတ္တရားကို သိရမည်ဟု ပြောကြ၏။ ထိုအခါမှစ၍ သံသယ ကုက္ကုစ္စတွေ ပေါ်ပေါက်၍လာ၏။ ထို့နောက် အတတ်ပညာလေးတွေနှင့် ဟန်လုပ်ကြ၏။ အခမ်းအနားလေးတွေကို စ၍ လုပ်ကြ၏။ လူများသည် တစ်ယောက်နှင့်တစ်ယောက် စိတ်ဝမ်းကွဲ၍ လာကြလေသည်။"*

ထိုစာမှာ တရုတ်ပညာရှိ ဆွန်ဇူး၏ 'တွေးခေါ်ခြင်းများ' ဟူသော အရှေ့တိုင်းပညာ ဘာသာပြန် အင်္ဂလိပ်ကျမ်းတစ်ခုမှ ရရှိသော စာ ဖြစ်လေသည်။

အနာကစ်ဝါဒသည်လည်း ဆိုရှယ်လစ်ဝါဒနှင့် အလားတူစွာ ငွေနှင့် မြေကို ဘုံပစ္စည်းပြုစေလိုခြင်းပင် ဖြစ်လေသည်။ ဤဝါဒကို Anarchist Communism အနာကစ်ကွန်မြူနစ်ဇင်ဟု ခေါ်၏။ ထိုဝါဒသည်လည်း တစ်ဦးတည်းပိုင်ပစ္စည်းရှိခြင်းသည် လူအချို့က လူအချို့အပေါ်၌ အနိုင်ကျင့်ခွင့်ကို ဖြစ်စေသည်ဟူသော ဆိုရှယ်လစ်ဝါဒပင် ဖြစ်လေသည်။

အများဆိုရှယ်လစ်တို့ ယူနေကျဝါဒမှာ State ခေါ် ပြည်ပိုင် အစိုးရကိုယ်တိုင် ငွေရှင်ဖြစ်မှသာ လူများ လွတ်လပ်စွာ နေနိုင်မည်ဟု အယူရှိ၏။ အနာကစ်တို့၏ ဝါဒမှာမူ ပြည်ပိုင်အစိုးရ ငွေရှင် ဖြစ်သောအခါ ယခု ငွေရှင်များနှင့် ခြားနားမည်မဟုတ် ဟူသော ဝါဒ ဖြစ်၏။ သို့ဖြစ်လေရာ ငွေ၊ မြေ၊ ပစ္စည်းဟူသမျှကို ပြည်သူအားလုံး ပိုင်ပြီး အာဏာရှိသော State ခေါ် ပြည်ပိုင်အစိုးရကို ဖြုတ်၍ ပစ်အပ်သည်ဟု အယူရှိကြ၏။

ဆိုရှယ်လစ်ဝါဒကို မှာ်စ်တည်ထောင်၍ အနာကစ်ဝါဒကိုမူ

mgyde.com

mgyoe.com


ဘာကူမင်တည်ထောင်သည်ဟု ဆိုလျှင် မှားမည်မဟုတ်ပေ။ သို့သော်လည်း ဘာကူမင်သည် မာ့ခ်စ်ကဲ့သို့ မိမိ၏ဝါဒကို အပြီးအစီး အဆုံးမသတ်ခဲ့ပေ။ သို့သော်လည်း ဘာကူမင်၏ နောက်ပါဖြစ်သော ကရိုပေါ့တကင်သည် အနာကစ်ဝါဒကို ပြီးလုနီးပါး စီရင်ခဲ့လေသည်။

အနာကစ်ဝါဒကို ရှင်းအောင် နားလည်ရန်အတွက် ဘာကူမင်၏အတ္ထုပ္ပတ္တိကိုလည်းကောင်း၊ မာ့ခ်စ်နှင့် ၎င်းအတိုက်အခံဖြစ်ခြင်းများအကြောင်းကိုလည်းကောင်း သိမှတ်ရန် လို၏။ ထို့နောက် အနာကစ်ဝါဒကို ကရိုပေါ့တကင်၏ ရေးသားချက်များဖြင့် ပိုမိုနားလည်နိုင်ဖို့ရှိလေသည်။

မိုက်ခဲ ဘာကူမင်သည် ရုရှားမင်းဆွေစိုးမျိုးဖြစ်၍ ၁၈၁၄ ခုနှစ်မှာ ဖွား၏။ ၎င်း၏ဖခင်မှာ သံဘက်ဌာနၥ် အလုပ်လုပ်ပြီး ဘာကူမင်ဖွားသောအခါ အငြိမ်းနေ၏။ ဘာကူမင်သည် ပီတာစဘတ်မြို့၌ အမြောက်တပ်ဘက်ဆိုင်ရာကျောင်းမှာ ပညာသင်၏။ အသက် ၁၈ နှစ်အရွယ်၌ မင်းနယ်စခန်းရှိ စစ်တပ်မှာ လက်ဖ်တင်နင် ဗိုလ်မှူးအငယ်လေးအဖြစ် ခန့်ထားခြင်းခံရ၏။ ထိုအခါ ၁၉၃၀ ပြည့်နှစ် ပိုလန်နယ်ထကြွသောင်းကျန်းရေးကို နှိမ်နင်းပြီးဖြစ်၍ ပိုလန်နယ်မှာ ဖိစီး နှိပ်ကွပ်ခြင်းများကို ခံ၍နေရ၏။ ဘာကူမင်သည် နှိပ်ကွပ်ခြင်းများကို သိမြင်ရသောအခါ များစွာစိတ်မကောင်းဖြစ်၏။ အစိုးရကို မုန်းစပြု၏။ သို့ဖြစ်လေရာ နှစ်နှစ်သာစစ်မှုထမ်းပြီး ထွက်လိုက်၏။ ၁၈၃၅ ခုနှစ်၌ ရာထူးကို စွန့်ပြီး မော်စကိုမြို့သို့ သွား၏။ ထိုမြို့၌ ဖီလော်ဆော်ဖီကို ခြောက်နှစ် သင်၏။ ၁၈၄၀ ပြည့်မှာ ဘာလင်မြို့သို့သွား၍ ဆက်လက်ပညာသင်၏။ ၎င်း၏အကြံမှာ သိပ္ပံပရော်ဖက်ဆာဖြစ်ဖို့ အကြံဖြစ်သည်။ ထို့နောက် ဒရက်စဒင်မြို့သို့ရောက်ရာ ဂျူစရေးဂျေဘွေရှားခေါ် သတင်းစာထုတ်ဝေသည်။ အာနိုးရုနှင့် တွေ့သည်။ ထိုအခါ သူပုန်အသင်းသားအဖြစ်သို့ ရောက်၍နေသဖြင့် ဆိုက်ဆန်အစိုးရက ငြိုးသောကြောင့် ဆွစ်ဇာလန်ပြည်ကို ပြေးရ၏။ ၎င်းပြည်၌ ဂျာမန်ကွန်မြူနစ်အသင်းသားတစ်စု

mgyoe.com

နှင့် တွေ့၏။ သို့သော်လည်း ဆွစ်ဇာလန် ပုလိပ်များကလည်း နှောင့်ယှက်၊ ရုရှားအစိုးရကလည်း ၎င်းကို ပြန်၍တောင်းသည့်အတွက် ပါရီမြို့ကို ပြေးရ၏။ ပါရီမြို့၌ ၁၈၄၃ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ နေ၏။ ပါရီမြို့၌ ၎င်း၏စိတ်ကူးဉာဏ်အမြင်သည် အစိုင်အခဲအဖြစ်သို့ ရောက်၏။ ပရော်ဒန်ခေါ်သူနှင့် အကြောင်း အပေါင်းသင့်၏။ ၎င်းနောက် ဂျော့ဆင်းမှ စ၍ အခြား ထင်ရှားသူများနှင့် အသိအကျွမ်းဖြစ်ခဲ့၏။ မာ့ခ်စ်နှင့် အင်ဂျယ်တို့ကိုလည်း ပါရီမြို့မှာပင် သိခဲ့၏။ ၎င်းတို့နှင့် အမြဲ အတိုက်အခံဖြစ်ခဲ့၏။ ၁၈၇၁ ခုနှစ်၌ အောက်ပါအတိုင်း ဘာကူမင် ရေးသားလေသည်။

*"အရင်က မာ့ခ်စ်သည် ကျွန်ုပ်ထက် ရင့်၏။ ယခုမှာကား တိုး၍မရင့်။ ပညာအရာ၌ကား များစွာ ပိုမို၍ ကြီး၏။ ထိုအခါက ကျွန်ုပ်သည် နိုင်ငံရေးပညာကို လုံးဝ နားမလည်သူ ဖြစ်၏။ ကျွန်ုပ်၏ စိတ်ကူးများမှာ ဖီလော်ဆော်ဖီဘက်မှာ များလျက် သဘောတရားဘက်ကိုသာ အားသန်ခဲ့၏။ ဆိုရှယ်လစ်ဝါဒကား ကျွန်ုပ်၌ အလိုအလျောက် ဖြစ်ပေါ်၍လာ၏။ မာ့ခ်စ်မှာ ကျွန်ုပ်ထက် ငယ်သော်လည်း ဘုရားမရှိကြောင်းကို ကျွန်ုပ် အရင်သိနှင့်ပြီးဖြစ်၏။ ဆိုရှယ်လစ်ဝါဒနှင့်ပတ်သက်၍ ကောင်းစွာ စုံလင်သူဖြစ်၏။ မျက်မြင်ကိုယ်တွေ့ဖြစ်သော လောကဓာတ်သဘာဝအကြောင်းကို ကောင်းစွာ နားလည်၏။ ယခု ဆိုရှယ်လစ်ဝါဒ၏အခြေကို ထိုအခါ၌ အသေအချာ တီထွင်ပြီးဖြစ်၏။ ၎င်း၏ ပညာဂုဏ်နှင့် ဆင်းရဲသားများကို ချစ်ခင်လေးစားသော စိတ်နေသဘောထားရှိသူဖြစ်သဖြင့် ကျွန်ုပ်သည် ၎င်းအား များစွာ ကြည်ညိုခဲ့၏။ သို့သော်လည်း တက်ကြွသော စိတ်ကလေးရှိ၏။ ကျွန်ုပ်သည် ၎င်းနှင့် မကြာမကြာ တွေ့၏။ ၎င်းနှင့် စကားပြောရသည်မှာ ဗဟုသုတများသဖြင့်*

mgyoe.com

mgyoe.com

*၎င်းနှင့် စကားပြောဖို့ကိုသာ ရှာကြံခဲ့၏။ သို့သော်လည်း ၎င်း၏စကားများမှာ အမုန်းစိတ်ကလေးသည် အမြဲလိုလို ပါ၍နေ၏။*

*အစိုးရနှင့် ငွေရှင်များကို မုန်းခြင်း*

*ကျွန်တော်တို့နှစ်ယောက်မှာ အသိဖြစ်သော်လည်း ရင်းနှီးပွင့်လင်းစွာ အတွင်း အပြင် ပေါင်းသင်းခြင်းမရှိခဲ့ပေ။ စိတ်နေသဘောထားပုံ တစ်မျိုးစီဖြစ်၍နေ၏။ သူက ကျွန်ုပ်အား Sentimental idealist ဟု ခေါ်၏။ မှန်လည်း မှန်၏။ ကျွန်ုပ်က သူ့ကို လူကြွားဟုခေါ်၏။ မှန်လည်း မှန်၏။*

Sentimental idealist ဟူသော စကား၏ အဓိပ္ပာယ်မှာ မြန်မာဘာသာစကား၌ အင်္ဂလိပ်စကားလို ရှင်းရှင်းတိုတို ရှာ၍မရ။ ထင်ရာအကြိုက်ကို လိုက်ကာ မဖြစ်နိုင်သော အရာများကို ကြံစည် စိတ်ကူးသူဟုဆိုလျှင် အနည်းငယ် မှန်လိမ့်မလားမသိရပေ။ အများကြီးကား မှန်မည်မဟုတ်ပေ။

ဘာကူမင်သည် အဘယ်အရပ်မှာမဆို မကြာခဏ အစိုးရနှင့် တစ်ဖက်တစ်လမ်း ဖြစ်ရ၏။ ၁၈၄၇ ခုနှစ်၌ ပိုလန်ပြည် ထကြွခြင်းကို ချီးမြှင့်ပြောဟောသည့်အတွင်း ရုရှားသံအမတ်၏ တောင်းပန်ချက်အရ ပြင်သစ်ပြည်မှ နှင်ထုတ်ခြင်း ခံရ၏။ ၎င်းအား အများ အကြည်ညို ပျက်စိမ့်သောငှာ ရုရှားသံအမတ်က ရုရှားသူလျှိုဖြစ်ကြောင်း။ ယခုမှာကား ထင်သလိုလုပ်သည့်အတွက် ရုရှားအစိုးရကလည်း ၎င်းကို အသုံးမပြုတော့ကြောင်းနှင့် သတင်းလွှင့်ရာ ပြင်သစ်အစိုးရကလည်း ထိုသတင်း ခိုင်လုံစေလိုသဖြင့် တမင်သက်သက် တစ်စုံတစ်ရာမပြောဘဲ ဆိတ်ငြိမ်စွာ နေလို၏။ သို့ဖြစ်သောကြောင့် တစ်သက်လုံး ၎င်းအပေါ်၌ အထင်လွဲကြလေသည်။

mgyoe.com

mgyoe.com


ထို့နောက် ဘရပ်ဆယ်ကို သွား၍နေရာ မာ့ခ်စ်နှင့် ထပ်မံ၍ အသိအကျွမ်းဖြစ်ပြန်လေသည်။ ထိုအခါ၌ ဘာကူမင်သည် မာ့ခ်စ်နှင့်တကွ အခြား ဆိုရှယ်လစ်များအပေါ်၌ မုန်းထားသော စာတစ်စောင်ကို ရေးခဲ့လေသည်။ ၎င်းတို့နှင့် မိမိ အဘယ်သောအခါမျှ မပေါင်းလိုကြောင်း ထိုစာ၌ ပါရှိလေသည်။

၁၈၄၈ ခုနှစ်၊ သူပုန်အရေး၌ ပါရီမြို့ကိုပြန်၍ ရောက်ပြီး ဂျာမနီသို့ သွား၏။ မာ့ခ်စ်နှင့် အချင်းစကား ဖြစ်ပွား၏။ ထို့နောက် အချင်းဖြစ်ပွားသည့် အကြောင်းနှင့်ပတ်သက်၍ မိမိက မှားကြောင်း၊ မာ့ခ်စ်က မှန်ကြောင်းနှင့် ဝန်ခံ၏။ ပရက်မြို့၌ ဆလပ်လူမျိုး ကွန်ဂရက်အသင်း မင်ဘာဖြစ်ရာ ဆလပ်သူပုန်ထအောင်လုပ်ရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့ပေ။ ၁၈၄၈ ခုနှစ်၌ ရုရှား၊ ဩစတြေးလျ၊ ပရပ်ရှား၊ ဤ သုံးပြည်ထောင် မင်းများကို ထကြွဖြိုဖျက်ကြရန် နှိုးဆော်စာတစ်စောင်ကို ရေး၏။

ထိုအခါ မာ့ခ်စ်က ဆလပ်လူမျိုးများမှာ ဂျာမနီနှင့် ဩစတြေးလျ၏ ပိုင်နက်နယ်၌ နေကြရလေရာ ၎င်းတို့၏ လွတ်လပ်ရေးအလုပ်မှာ မဖြစ်နိုင်ကြောင်း၊ ၎င်းလူမျိုးမှာ နောင်ရေးအတွက် အခြေမရှိကြောင်းနှင့် အတိုက်အခံ ရေးသားပုံနှိပ်ထုတ်ဝေလိုက်လေသည်။

ထိုအခါ ဘာကူမင်က မာ့ခ်စ်သည် ဂျာမန်မျိုးချစ်စိတ်ရှိသည့် ဆိုရှယ်လစ် အစစ်မဟုတ် ဟု စွပ်စွဲ၏။ မာ့ခ်စ်ကလည်း ဘာကူမင်ကို ဆလပ်လူမျိုးလိုလားသူဟု စွပ်စွဲ၏။ မာ့ခ်စ်က ဘာကူမင်သည် ရုရှားသူလျှိုဟု မိမိ၏ သတင်းစာ၌ ရေး၏။ ဘာကူမင်က ဖြေရှင်း၏။ ထို့နောက် ပြန်၍ သင့်မြတ်ကြ၏။ မိတ်ဆွေကား မဖြစ်နိုင်ကြပေ။ အတိုက်အခံပင် ဖြစ်၍နေကြပြီးနောက် ၁၈၆၄ ခုနှစ်ကျမှ နှစ်ယောက်တွေ့ကြပြန်လေသည်။

ထိုအတွင်း အရပ်ရပ်မှာ ထကြွလှုပ်ရှား၍ နေကြ၏။ ၁၈၄၀ ပြည့်နှစ်၌ သူပုန်ထရာ သူပုန်များသည် တစ်ခဏမျှ မြို့ကို အစိုးရကြ

mgyoe.com

mgyoe.com


လေသည်။ ငါးရက်မျှ သူပုန်အစိုးရ အုပ်စိုးခဲ့၏။ ပရှာရှန်စစ်သား များကို ခုခံရာ ဘာကူမင် ဗိုလ်ဖြစ်၏။ ထို့နောက် ပရာရှန်စစ်တပ်က အရေးသာ၏။ ဘာကူမင်သည် မယူးဘနားခေါ်သူ၊ ရစ်ချပ်ဝက်ဂနာ ခေါ်သူနှစ်ယောက်နှင့် ထွက်အပြေးမှာ အမိခံရ၏။ ဝက်ဂနာ လွတ်၍ သွားသည်မှာ ကမ္ဘာကျော် မြူးဇစ်ဂီတဆရာကြီးအဖြစ်သို့ ရောက်ဖို့ရန် ကဲ့သို့ ဖြစ်လေသည်။

ဘာကူမင်သည် အရပ်ရပ် ထောင်များ၌ ကြာမြင့်စွာ အကျဉ်း ခံခဲ့ရ၏။ ၁၈၅၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ရက်နေ့၌ သေဒဏ် အပြစ် ရ၏။ နောက် ၅လ ကြာသောအခါ ၎င်းအား သေဒဏ်မှ လွတ်ပြီး ပြည်နှင်ဒဏ်ပေးရာ ဩစတြေးလျသို့ ရောက်၏။ ဩစတြေးလျ အစိုးရများက သေဒဏ် ဆက်လက်၍ပေးပြန်၏။ ထို့နောက် ထောင် တစ်သက်အပြစ်ဒဏ်သို့ ပြောင်းလိုက်လေသည်။ ထောင်ထဲ၌ ခြေရော၊ လက်ရော သံကွင်းများ တပ်ပြီး နံရံမှာ သံကြိုးနှင့်တွယ်၍ အထားခံရ ၏။ ထိုအတွင်း ရုရှားအစိုးရက ၎င်းကို တောင်းသဖြင့် ရုရှားအကျဉ်း ထောင်များ၌ ဆက်လက်၍ အကျဉ်းခံရပြန်လေသည်။ ထိုထောင်များ၌ ဝဲရောဂါဖြစ်သဖြင့် သွားရှိသမျှ ကျွတ်၍ကျ၏။ အစားကို မစားနိုင်သဖြင့် မကျန်းမမာ ဖြစ်စပြု၏။ သို့သော်လည်း ကိုယ်သာပျော့၏၊ စိတ်ကား မပြောင်းပေ။ ၎င်း၏ စိုးရိမ်ခြင်းကား ထောင်၌ခံစားရသော ဒုက္ခများ ကြောင့် အမုန်းစိတ် လျော့၍သွားမည်ကိုလည်းကောင်း၊ သူပုန်စိတ် မတော်တဆ လျော့၍သွားမည်ကို လည်းကောင်း၊ မိမိကို နှိပ်စက်သူ တို့အပေါ်၌ နာကြည်းသောစိတ် ပျောက်ပျက်၍သွားမည်ကိုလည်း ကောင်း၊ သို့ ပြေပျောက်သောအခါ ငါ၏အကြောင်းပဲဟု ခေါင်းငုံ့ကာ ခံ၍နေရမည်ကိုလည်းကောင်း စသည့် စိုးရိမ်ခြင်းဖြစ်လေ၏။ သို့သော် လည်း စိုးရိမ်သလိုမဖြစ်။ ထောင်ကလွတ်သောအခါ ထောင်ထဲကို ဝင်စဉ်က စိတ်သည် အရာမယွင်း၊ မူလအတိုင်းပင် ရှိနေလေ၏။

ဇာ, နီကောလာဘုရင် စံလွန်ပြီး၍ ဒုတိယမြောက် အလက်

mgyoe.com

mgyoe.com


ဇန္နား နန်းတက်သောအခါ နိုင်ငံရေးအကျဉ်းသမားတို့အား ချမ်းသာခွင့်ပေးရာ ဘာကူမင်၏နာမည်ကိုကား ချမ်းသာခွင့်စာရင်းမှ အလက်ဇန္နားဘုရင်ကိုယ်တိုင် လက်နှင့် ရေးခြစ်၍ ဖျက်ပယ်လိုက်၏။ ဘာကူမင်၏ မိခင်သည် ၎င်းဇာဘုရင်ထံ ဝင်ရောက်၍ သားအတွက် ချမ်းသာခွင့်တောင်းရာ ဘုရင်က "ခင်ဗျားသားအတွက်တော့ အလွန် ခက်တာပဲ။ ခင်ဗျားသား အသက်ရှင်နေသမျှကာလပတ်လုံး လွတ်လပ်ခွင့်ကို ရမယ်မဟုတ်ဘူးလို့သာ စိတ်ချပါ" ဟု အမိန့်ရှိလေသည်။

သို့သော်လည်း ထောင်၌ ၈ နှစ်နေပြီးနောက် ဆိုက်ဘေးရီးယား၌ လွတ်လပ်စွာနေခွင့် ရလေ၏။ ဆိုက်ဘေးရီးယားကား မဲဇာထက် ပိုမို၍ဆိုးသောအရပ်ဖြစ်ကြောင်း အများသိပြီးပင်။

ထိုအရပ်မှ ဂျပန်သို့ ပြေး၏။ ဂျပန်မှ အမေရိက၊ နောက်ဆုံး၌ လန်ဒန်သို့ ရောက်ခဲ့လေ၏။

ထိုမျှလောက် အကျဉ်းခံရသော်လည်း အနာကစ်စိတ်ကား မပြေ။ အနာကစ်ဒေသနာ အမြိုက်ဆေးကို ဆက်လက်ကာ ကမ္ဘာကို တိုက်ကျွေး၍သာ နေလေ၏။ ထောင်အကျဉ်းကိုကား ဆက်လက် မခံရတော့ပေ။ ထို့နောက် အီတလီပြည်၌နေစဉ် နိုင်ငံခြားအနာကစ် သူပုန်အဖွဲ့ကြီးကို တည်ထောင်၏။ International Fratinity ဟု ခေါ်၏။ ၎င်းပြင် ဆိုရှယ်လစ်သူပုန်အဖွဲ့ကြီးကိုလည်း တည်ထောင်၏။ Alliance of Socialist Revolutionaries ဟု ခေါ်လေသည်။ ထိုအဖွဲ့၌ ဂျာမန်လူမျိုးမှတစ်ပါး အခြားလူမျိုးများ ပါဝင်ကြလေသည်။

၁၈၆၇ ခုနှစ်၌ ဆွစ်ဇာလန်ကိုရောက်၍ နိုင်ငံခြား ဆိုရှယ်ဒီမိုကရက်တစ်အဖွဲ့ကြီးကို တည်ထောင်ရာ အောက်ပါအတိုချုပ် ထင်မြင်ချက်ကို အကျယ်တဝင့် ဖော်ပြလေသည်။

> *"ဤအဖွဲ့သည် ဘုရားမရှိသော အဖွဲ့ဖြစ်၏။ ဤအဖွဲ့သည် လူ့အဆင့်အတန်း ခြားနားခြင်းကို ဖြိုဖျက်ရန် အတိအလင်း ကြံရွယ်၏။ နိုင်ငံရေး၊ ဆက်ဆံရေး၌ မိန်းမ၊*

mgyoe.com

mgyoe.com


*ယောက်ျားဟူသမျှ အဆင့်အတန်း တူညီခြင်းကို လိုလား၏။ မြေကိုလည်းကောင်း၊ အလုပ်လက်နက်ကိရိယာဟူသမျှကိုလည်းကောင်း၊ ငွေကြေး ပစ္စည်းဟူသမျှကိုလည်းကောင်း လူအားလုံးတို့၏ ဘုံပစ္စည်းဖြစ်စေ၍ ၎င်းတို့ကို လယ်အလုပ်သမားများနှင့် အခြားကုန်ပစ္စည်း အသုံးအဆောင်အလုပ်သမားများ၏ အဖွဲ့များမှတစ်ပါး အခြားမည်သူမျှ အသုံးမပြုစေရအောင် ကြံစည်သော အဖွဲ့ဖြစ်သည်။ အပြည်ပြည် အတိုင်းတိုင်းမှာ ယခုရှိနေသော အစိုးရအဖွဲ့ဟူသမျှကို ဖြိုဖျက်၍ ၎င်းတို့၏နေရာ၌ အလုပ်သမားများ၏ အဖွဲ့များ စီမံအုပ်ချုပ်ခြင်းကို လိုလားသော အဖွဲ့ဖြစ်ကြောင်း အတိအလင်း ကြေညာ၏။*

ထို နိုင်ငံခြား ဆိုရှယ်လစ် ဒီမိုကရေစီအဖွဲ့သည် နိုင်ငံခြား အလုပ်သမားအသင်းကို ဝင်ခွင့်ရဖို့ကြံရာ ဝင်ခွင့်မရချေ။ အကြောင်းမူကား အသင်းခွဲများသည် နိုင်ငံခြား မဖြစ်နိုင်။ မိမိတို့ဆိုင်ရာ ဒေသန္တရအဖွဲ့များသာ ဖြစ်ရမည်ဟူသော စည်းကမ်းတစ်ခု ရှိလေသည်။ သို့သော်လည်း ဂျနီဗာမြို့ရှိ ထိုအသင်း၏ အစုတစ်စုမှာ နိုင်ငံခြားအဖွဲ့ကြီးသို့ ၁၈၆၉ ခုနှစ်မှာ ဝင်ခွင့်ရလေသည်။

နိုင်ငံခြား အလုပ်သမားအသင်းကြီးမှာ ၁၈၆၄ ခုနှစ်တွင် လန်ဒန်မြို့၌ တည်ထောင်ရာ အသင်းဥပဒေစည်းကမ်းများကို မာ့ခ်စ်ကိုယ်တိုင် ရေးပြုလေသည်။ ထိုအခါ၌ ဘာကူမင်သည် ထိုအသင်းအထမြောက်မည်မထင်သဖြင့် မပါမဝင်ဘဲ နေခဲ့၏။ သို့သော်လည်း မကြာမီအတွင်း အပြည်ပြည် အတိုင်းတိုင်း၌ လျင်မြန်စွာ ပျံ့နှံ့၍ သွားသဖြင့် ဆိုရှယ်လစ်ဝါဒ ပြန့်ပွားရေးအတွက် အထူး ကြီးကျယ်သော အစွမ်းနှင့် ပြည့်စုံခဲ့လေသည်။

အစဦး၌ ထိုအသင်းကြီးသည် ဆိုရှယ်လစ်အသင်း လုံးလုံး

mgyoe.com

လျှားလျှားမဟုတ်။ နောင် တစ်စတစ်စ ကွန်ဂရက် တစ်ကြိမ်ပြီး တစ်ကြိမ် ပြီးမြောက်သောအခါ မာ့ခ်စ် ဆွဲဆောင်ရာသို့ လိုက်ပါပြီး တတိယအကြိမ် ဘရပ်ဆဲလ်မြို့မှာ ကွန်ဂရက် ကျင်းပပြီးနောက် ဆိုရှယ်လစ်အဖြစ်သို့ လုံးလုံးလျားလျား ရောက်ခဲ့လေသည်။

ထို့နောက် ဘာကူမင်သည် မိမိ မပါဝင်မိသည့်အတွက် နောင်တရပြီး ပြင်သစ်ပိုင် ဆွစ်ဇာလန်၊ ပြင်သစ်၊ စပိန်၊ အီတလီ နိုင်ငံများကို နောက်လိုက်နောက်ပါပြုကာ ထိုအသင်းကြီးကို ဝင်လိုက်လေသည်။ ၁၈၈၉ ခုနှစ်၊ စက်တင်ဘာလ၌ ဘာလင်မြို့တွင် ကျင်းပသော စတုတ္ထကွန်ဂရက်ကြီးမှာ နှစ်ဖက်ပါဝင်၍နေကြောင်း သိသိသာသာ ထင်ရှား၏။ ဂျာမန်နှင့် အင်္ဂလိပ်က မာ့ခ်စ်၏ လူများ ဖြစ်ကြ၏။ တစ်ဦးတည်းပိုင် ပစ္စည်းများ ကွယ်ပျောက်လျှင် အဘယ်ပုံ ဖြစ်ပျက်မည်ဟူသော မာ့ခ်စ်၏ဝါဒကို ယုံကြ၏။ အပြည်ပြည် အတိုင်းတိုင်းမှာ နိုင်ငံရေးလေဘာပါတီတွေဖွဲ့ရန် သဘောတူကြ၏။ ထိုပါတီများက ယခု အင်္ဂလန်နိုင်ငံ ဒီမိုကရေစီအုပ်ချုပ်ခြင်း၌ ပါလီမန်ဝင်ကြသော လေဘာပါတီမျိုးဖြစ်ကြလေသည်။ ပြင်သစ်၊ အီတလီ၊ စပိန်၊ ဆွစ် စသည့် လက်တင် (Latin) လူမျိုးများက ဘာကူမင်၏လူများ ဖြစ်ကြလေသည်။ လက်တင်လူမျိုးဆိုသည်မှာ ထိုလူမျိုးတွေပြောသော စကားသည် လက်တင်စကားနှင့် အနီးစပ်ဆုံးဖြစ်ခြင်းကြောင့်တည်း။ ထိုလူမျိုးတွေ များသော အမေရိကတိုက် ပြည်နယ်များလည်း Latin America ဟု ခေါ်သည်။ ၎င်းတို့ကား ပြည်ပိုင်အစိုးရကို ဒီမိုကရေစီအုပ်ချုပ်ခြင်းနှင့် ပါလီမန်အုပ်ချုပ်ခြင်းကို မလို။ ၎င်းမလိုလားသူများ ဖြစ်ကြလေသည်။

ထိုနှစ်မျိုးသည် အတိုက်အခံဖြစ်ကြလျက် တဖြည်းဖြည်း ပိုမို၍ မသင့်မတင့်ဖြစ်လာကြလေသည်။ Split in the camp.

ဤနှစ်စုသည် အဘယ်အခါမျှ မသင့်။ ၎င်းတို့၏ အတိုက်အခံဖြစ်ခြင်းသည် တဖြည်းဖြည်း တိုးတက်ပြင်းထန်လျက်သာ ရှိနေခဲ့

mgyoe.com

mgyoe.com


လေ၏။ တစ်ဦးကိုတစ်ဦး အမျိုးမျိုး စွပ်စွဲကြလေသည်။ ဘာကူမင် ကို သူလျှိုဟု စွပ်စွဲကြ၏။ ထိုအကြောင်းကို နောက် စုံစမ်းစစ်ဆေး ကြရာ မဟုတ်မမှန်ကြောင်း သိကြရလေ၏။ ထိုအတွင်း ဘာကူမင် သည် ရုရှားလယ်သမားများ သူပုန်ထအောင် လှုံ့ဆော်ခြင်း အလုပ်ကို အားထုတ်ခဲ့လေသည်။ တတိယမြောက် နပိုလီယံ ကျပြီးသည့်နောက် ပြင်သစ်နှင့် ပရပ်ရှားစစ်ရေး၌ ဘာကူမင်သည် ပြင်သစ်ဘက်မှ စိတ် အားထက်သန်စွာ ကူညီခဲ့လေသည်။

ပြင်သစ်အစိုးရက ၎င်းကို ပရပ်ရှားသူလျှို မှတ်ထင် စွပ်စွဲရာ ဆွစ်ဇာလန်နိုင်ငံသို့ ခက်ခဲစွာ ထွက်ပြေးရလေသည်။ မာ့ခ်စ်နှင့် ၎င်း ခိုက်ရန်ဖြစ်ခြင်းသည် ပရပ်ရှားနှင့် ပြင်သစ်အရေးကြောင့် ပိုမို ကြီးကျယ်ခဲ့လေသည်။ ဂျာမနီနိုင်ငံ တန်ခိုးကြီး၍လာသောအခါ ကမ္ဘာ လုံးချမ်းသာရေးအတွက် အခက်ကြီး ကြုံတော့မည်ဟု ယုံကြည်ခဲ့၏။ ၎င်း၏ နောက်ပါဖြစ်သော ကရော်ပေါ့တကင်ကလည်း ထိုအတိုင်း မှတ်ယူလေသည်။ ၎င်းတို့၏ စိတ်နေသဘောထားပုံကို ထောက်သ ဖြင့် အနာကစ်ဆိုသည်မှာ မင်းစိုးများကို အကြောင်းမဲ့ တိတ်ဆိတ်စွာ သတ်ရန်ကြံခြင်းမဟုတ်၊ မိမိတို့လူမျိုးဘက်ကိုလည်း မလိုက်၊ ကမ္ဘာ ကြီးတစ်ခုလုံးကို အာဏာပိုင်မင်းများလက်မှ လွတ်မြောက်စေလိုသော ရည်ရွယ်ချက်ရှိသော လူကောင်းများဖြစ်ကြောင်း သိနိုင်လေသည်။ ဘာကူမင်သည် ဘစ်စမတ်အတွက်ကြောင့်လည်းကောင်း၊ အထူး သဖြင့် မာ့ခ်စ်အတွက်ကြောင့်လည်းကောင်း၊ ဂျာမနီနိုင်ငံကို သဲသဲမဲမဲ မုန်းထားသူဖြစ်လေသည်။ ထိုနည်းတူစွာ ယခု အခါသို့တိုင်အောင် အနာကစ်များသည် ဘာကူမင်၏ တပည့်များဖြစ်သည့်အလျောက် တစ်ကြောင်း၊ လက်တင်တိုင်းပြည်သားများ ဖြစ်ကြခြင်းကြောင့်တစ် ကြောင်း ဂျာမနီကို မုန်းထားကြလေသည်။

၁၈၇၂ ခုနှစ်၊ ဟိုက်မြို့၌ ကျင်းပသော အင်တာနေရှင်နယ် လေဘာအဖွဲ့ အစည်းအဝေးကြီး၌ ဘာကူမင်၏ အသိုက်အအုံကို

mgyoe.com

mgyoe.com


နောက်ဆုံးနှိမ်နင်းခြင်းဖြစ်လေသည်။ ထိုမြို့၌ အစည်းအဝေးပြုသည်မှာ ဘာကူမင် မပါမဝင်နိုင်အောင် ကြံစည်ခြင်းဖြစ်၏။ ထိုအခါ၌ ပြင်သစ်နှင့် ဂျာမန်များ မသင့်မတင့်ဖြစ်၍နေကြရာ ဂျာမန်ဖြစ်သော မာ့ခ်စ်မှာ ကန့်ကွက်သူမရှိ၊ ဘာကူမင်မှာကား အခက်ကြုံခဲ့လေသည်။ ထို့ပြင် ဘာကူမင့်ကို ခိုးမှုနှင့် စွပ်စွဲ၍လည်းကောင်း၊ ခြိမ်း ခြောက်၍လည်းကောင်း ထိုအစည်းအဝေး၌ မပါမဝင်နိုင်အောင် လုပ်ကြလေသည်။

၁၈၈၉ ခုနှစ်၌ နောက်ဆုံး အင်တာနေရှင်နယ် နိုင်ငံခြား အဖွဲ့အသစ်ကို တည်ထောင်ကြလေသည်။ မူလ အင်တာနေရှင်နယ်ကြီးမှာ တန်ခိုး၊ အရှိန်အဝါ ဆုတ်ယုတ်ခဲ့လေသည်။ ဘာကူမင်သည် ၁၈၇၆ ခုနှစ်မှာ ကွယ်လွန်အနိစ္စ ရောက်ခဲ့လေသည်။

ဘာကူမင်သည် မာ့ခ်စ်နှင့်မတူ အမြဲလိုလို လှုပ်ရှားခဲ့သူဖြစ်လေသည်။ သူပုန်ထသော တိုင်းပြည်ဟူသမျှ၌ သူပုန်ဘက်ကို လိုလားခဲ့၏။ မိမိကိုယ်တိုင် ဘေးတွေ့မည်ကို အနည်းငယ်မျှ ပဓာနမထားခဲ့ပေ။ ၎င်း၏ ရည်ရွယ်ချက်မှာ အစိုးရမှန်သမျှ ပြိုပျက်အောင် တစ်ကမ္ဘာလုံး သူပုန်ထစေလိုသော ရည်ရွယ်ချက်တစ်ခုသာ ရှိလေသည်။ ရောက်ရာအရပ်၌ အရေးအရာရောက်သူတို့အပေါ်၌ ဩဇာရှိခဲ့၏။ ၎င်း၏စာများမှာလည်း မာ့ခ်စ်၏ စာများထက် ပိုမိုနက်နဲလေသည်။ သို့ဖြစ်ရာ အနာဂတ်ခေါင်းဆောင်အလုပ်သည် လူရမ်း၊ လူမိုက်၊ လူရူးတို့၏အလုပ်၊ မိမိ၏ အသက်နှင့် လွတ်လပ်ခြင်းကို ပဓာနမထားဘဲ လူမှန်သမျှ၏ လွတ်မြောက်ခြင်းကို အဟုတ် တကယ် လိုလားသော စေတနာနှင့် ပညာအရည်အချင်း၊ ပြည့်စုံ ခိုင်လုံသော ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြောင်း သိရလေသည်။

သို့သော်လည်း မာ့ခ်စ်ကို ဘာကူမင် ချီးမွမ်းရ၏။ အကြောင်းမူကား လူ့ပြည်၌ ဖြစ်ပျက်၊ ပြောင်းလဲသမျှတွေ၊ ရာဇဝင်၊ ဘာသာ၊ နိုင်ငံရေး၊ တရားရေး အခြေအနေဟူသမျှသည် စီးပွားရေးအခြေအနေ

mgyoe.com

mgyoe.com


၏ အကြောင်းတရားများမဟုတ်။ စီးပွားရေးအခြေအနေ၏ ပြုပြင်ခြင်းကို ခံရသော အကျိုးဆက်များ ဖြစ်သည်ဟု မာ့ခ်စ် ဟောခဲ့လေရာ ထိုသဘောတရားသည် ဘာကူမင် ရှာကြံတွေ့ရှိရသော သဘောတရားမဟုတ်ချေ။

ဘာကူမင်သည် သူပုန်အရေးကြီးများ၏ စပ်ကြား၌ အကြောင်းအားလျော်စွာ အရေးတကြီးရေးရသော စာများဖြစ်ကြလေသည်။ ပြည်ပိုင်အစိုးရနှင့် ထာဝရဘုရားဟူသော ကျမ်း၌ ထာဝရဘုရားနှင့် အစိုးရကို ယုံကြည်အားကိုးခြင်းသည် လူတို့၏ လွတ်မြောက်ရေးလမ်းမှာ အကြီးဆုံးသော အနှောင့်အယှက်ကြီး ဖြစ်သည်ဟု ရေးသားဖော်ပြလေသည်။ ဤအယူမျိုးကို လူတစ်ထောင်လျှင် တစ်ယောက်မယူနိုင်ပေ။

၎င်း၏ အောက်ပါစာတစ်ပုဒ်ကို ဖတ်ရှုဆင်ခြင်က ၎င်း၏ ဝါဒကို သိနိုင်၏။

> State ခေါ် ပြည်ပိုင်အစိုးရသည် Society ခေါ် မနုဿလူတို့၏ အစုအဝေးမဟုတ်။ ပြည်ပိုင်အစိုးရအဖွဲ့သည် ရာဇဝင်နှင့် ဆိုင်၏။ အထူးကိုယ်ခြပ်မရှိ၊ လူတို့၏ စိတ်ကူးမျှဖြစ်၏။ Abstract ထိုအရာသည် တိုင်းပြည်ဟူသမျှ၌ လွန်ကျူးခြင်း၊ လုယက်သတ်ပုတ်ခြင်း၊ အနိုင်ကျင့်ခြင်းနှင့် ထာဝရဘုရား ပေါင်းသင်းကာ ဘာသာ၊ သာသနာက ပြုလုပ်ဖန်တီးသဖြင့် ရာဇဝင်နည်းလမ်းအတိုင်း ပေါ်ပေါက်၍လာသော အရာမျှဖြစ်၏။ ထိုအရာသည် ဘုရားအလိုတော်ဟု ခေါ်သော အမွေသဘောနှင့် အောင်မြင်လွှမ်းမိုးသော မညီမျှခြင်းသဘောမှ ထွက်ပေါ်၏။
>
> ပြည်ပိုင်အစိုးရ(State)သည် အာဏာဖြစ်၏။ လက်ရုံးဖြစ်၏။ အာဏာ၏ ဟိတ်ဟန်၊ အာဏာ၏ အစွဲဖြစ်၏။ ၎င်းသည် လူတို့ကို ချော့မော့သွေးဆောင်ခြင်းမပြု။ အကောင်း

mgyoe.com

mgyoe.com


ကို အမိန့်ပေးရာ၌ပင် မိမိ၏ အမိန့်ကို မကောင်းဖြစ်စေ၏။ အကြောင်းမူကား အမိန့်အာဏာကိုယ်တိုင်ကပင် မကောင်းသော အရာဖြစ်၏။ အမိန့်အာဏာမှန်သမျှသည် တရားသဖြင့် သူပုန်ထခြင်းကို နှိုးဆွ၏။ အကောင်းသည် အမိန့်ပေးခြင်းကို ခံရသည်နှင့်တစ်ပြိုင်တည်း အဆိုးဖြစ်၏။ လူ၏ဂုဏ်၊ လူ၏ကျက်သရေ၊ လူ၏ကျင့်ဝတ်သည် တစ်စုံတစ်ရာကို ကောင်းမှန်းသိသဖြင့်လည်းကောင်း၊ မြတ်မှန်း သိသဖြင့်လည်းကောင်း မိမိစိတ်အလိုအတိုင်း လုပ်ချင်၍ လုပ်ခြင်းဖြစ်၏။ အာဏာနှင့် အခိုင်းခံရခြင်းကြောင့် လုပ်ခြင်းမဟုတ်။ ဤကား ဘုရားပေးသော ကျင့်ဝတ် မဟုတ်၊ မနုဿ လူ၏ သဘာဝနှင့် သက်ဆိုင်သော ကျင့်ဝတ်ဖြစ်သည်။

ဘာကူမင်၏စာများ၌ လူတို့၏ အစည်းအရုံး၊ အစုအဝေး နေထိုင်ခြင်းသည် အဘယ်ကဲ့သို့သော အခြေအနေဖြစ်ရမည်ဟု အသေအချာမပြ။ အဘယ်အခြေအနေမျိုး ခိုင်မြဲမည်ဟူ၍လည်း မဆို။ အနာဂတ်အကြောင်းကို သိလိုက ၎င်း၏ နောက်ပါအလုပ်များ၏၊ အထူးသဖြင့် ကရော်ပေါ့တကင်း၏ အလုပ်များကို ကြည့်ကြရပေမည်။ ကရော်ပေါ့တကင်ကား ရုရှားမင်းဆွေစိုးမျိုးဖြစ်၍ ဥရောပတိုင်း အရပ်ရပ်သော ထောင်များနှင့် အကျွမ်းဝင်သူဖြစ်၏။ ဂျာမနီကို အထူးမုန်း၏။

ကရော်ပေါ့တကင်း၏ ကျမ်းများမှာ လယ်ယာ၊ အလုပ်ရုံ၊ စက်ရုံ အလုပ်များနှင့် သက်ဆိုင်၏။ တစ်အုပ်မှာ conquest of bread "ပေါင်မုန့်ကို နိုင်ခြင်း" ဟု ခေါ်လေသည်။ ဆိုလိုရင်းမှာ မည်သူမဆို ဝလင်စွာ စားရမည်ဟူလို။

၎င်း၏အလိုအရဆိုလျှင် အလုပ်ကို နေရာတကျ စီမံတတ်က ကမ္ဘာပေါ်၌ မည်သူမဆို သက်သက်သာသာ လုပ်ကိုင်လျက် လုံလောက်စွာ ဝတ်ဆင်စားသုံးနိုင်ရမည်။

mgyoe.com